# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၈၇)


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) ကျင်းပမည့်နေ့ရက်နှင့် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၇၀ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်)

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃) ကျင်းပမည့်နေ့ရက်နှင့် ပါဝင်သည့် မြို့နယ်များသတ်မှတ်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁)တွင်ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့်လည်းကောင်း၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ်(၁၀၀) မြို့နယ်ကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့်လည်းကောင်း သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃)ကို ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် ) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ပြီး ပါဝင်သည့်မြို့နယ်(၆၃) မြို့နယ်အား တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပူးတွဲပါဇယားအတိုင်း သတ်မှတ်ကြေညာလိုက်သည်။

ပူးတွဲ။ အပိုင်း ( ၃ ) တွင်ပါဝင်သည့် မြို့နယ်များစာရင်း

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

*စာမျက်နှာ ၃ ကော်လံ ၁* ◆


**ယနေ့ ဖတ်စရာ**

**ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇီ ဘာရှန် ဦးဆောင်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ** — ပြည်တွင်းသတင်း စာ ၅

**ဆယ်စုနှစ်များစွာ ရပ်တန့်နေသော ဆက်ဆံရေးကို ပြန်လည်သတ်မှတ်ရန် အမေရိကန်နိုင်ငံကို အခွင့်အရေးပေးသည့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲများ** — ဆောင်းပါး စာ ၆

**နိုင်ငံတကာ "ကျွမ်းကျင်သူ" ဆိုတဲ့သူတွေ မြန်မာ့အကြောင်း ဘယ်လိုထပ်ပြီး အကဲဖြတ်လွဲနေကြပြန်ပြီလဲ** — ဆောင်းပါး စာ ၁၀




ကော့သောင်းမြို့၌ ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မဲရုံတာဝန်ကျသူများ ကြိုတင်ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။

## ကော့သောင်းမြို့၌ မဲရုံတာဝန်ကျသူများကြိုတင်ဆန္ဒမဲပေးခြင်း ဆောင်ရွက်

**ကော့သောင်း ဒီဇင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ရွေးကောက်ပွဲကျင်းပမည့် ဒီဇင်ဘာ ၂၈ ရက်၌ မဲရုံမှူး၊ ဒုမဲရုံမှူး၊ အရန်မဲရုံမှူး၊ မဲရုံအဖွဲ့ဝင် တာဝန်ထမ်းဆောင်ကြမည့် မဲစာရင်းပါရှိပြီးဖြစ်သည့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ ကြိုတင်ဆန္ဒမဲပေးခြင်းကို ယနေ့ နံနက်ပိုင်းက ကော့သောင်းမြို့ မဲ့ဇူသကာခန်းမနှင့် အထက(ခွဲ)၊ အလက(၂)ကျောင်းတို့၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘုရင့်နောင်ရပ်ကွက်၊ အင်္ဂဏဝါရပ်ကွက်၊ ရွှေဟင်္သာရပ်ကွက်၊ ရွှေဇင်ယော်ရပ်ကွက်၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ရွှေပြည်သာရပ်ကွက်များမှ မဲဆန္ဒရှင်များက မဇ္ဈူသကာခန်းမ၌လည်းကောင်း၊

*စာမျက်နှာ ၄ ကော်လံ ၁* ❋

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ပြည်ထောင်စုနယ်မြေအတွင်း မဲရုံများ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုနယ်မြေ(တာဝန်ခံ) ဦးမျိုးလှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေအတွင်း မဲရုံများ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ဓါတ်ပုံ)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့၌ မဲရုံများဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ မဲရုံတာဝန်ရှိသူများက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံများ၌ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး၊ မြန်မာ အီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု မဲပေးရာတွင် အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာပါက နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရေး၊ မဲရုံတွင် လိုအပ်ချက်များမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်နှင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ ရှေ့ဖုံးမှ

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင် ပါဝင်သည့် မြို့နယ်များစာရင်း

ပူးတွဲ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပါဝင်သည့်မြို့နယ်များ | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင် | ၁။ ဗန်းမော်<br>၂။ မံစီ<br>၃။ မိုးမောက်<br>၄။ ဖားကန့်<br>၅။ ရွှေကူ | |
| ၂ | ကရင် | ၁။ ကော့ကရိတ်<br>၂။ ကြာအင်းဆိပ်ကြီး | |
| ၃ | စစ်ကိုင်း | ၁။ ကနီ<br>၂။ ဆားလင်းကြီး | |
| ၄ | တနင်္သာရီ | ၁။ လောင်းလုံး<br>၂။ သရက်ချောင်း<br>၃။ ပုလော | |
| ၅ | ပဲခူး | ၁။ ကျောက်ကြီး<br>၂။ ကျောက်တံခါး<br>၃။ ဖြူး<br>၄။ အုတ်တွင်း<br>၅။ သဲကုန်း<br>၆။ ဝေါ<br>၇။ ကြို့ပင်ကောက်<br>၈။ အုတ်ဖို | |
| ၆ | မန္တလေး | ၁။ မြစ်သား<br>၂။ ချမ်းမြသာစည်<br>၃။ မလှိုင်<br>၄။ တောင်သာ<br>၅။ မြင်းခြံ<br>၆။ ငါန်းဇွန်<br>၇။ သပိတ်ကျင်း<br>၈။ ပုသိမ်ကြီး | |
| ၇ | ရန်ကုန် | ၁။ ဒဂုံ<br>၂။ လမ်းမတော်<br>၃။ ဆိပ်ကြီး/ခနောင်တို<br>၄။ ဒလ<br>၅။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)<br>၆။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)<br>၇။ မင်္ဂလာတောင်ညွန့်<br>၈။ သာကေတ<br>၉။ မြောက်ဥက္ကလာပ<br>၁၀။ တာမွေ<br>၁၁။ ရန်ကင်း<br>၁၂။ ကျောက်တန်း<br>၁၃။ ခရမ်း<br>၁၄။ သုံးခွ<br>၁၅။ စမ်းချောင်း<br>၁၆။ လှိုင်သာယာ (အနောက်ပိုင်း)<br>၁၇။ လှိုင်သာယာ (အရှေ့ပိုင်း) | |
| ၈ | ရှမ်း | ၁။ မက်မန်း<br>၂။ ပင်လောင်း<br>၃။ ညောင်ရွှေ<br>၄။ ဖယ်ခုံ<br>၅။ မိုးနဲ<br>၆။ ကျေးသီး<br>၇။ မိုင်းရှူး<br>၈။ သီပေါ<br>၉။ ကျောက်မဲ | |
| ၉ | ဧရာဝတီ | ၁။ ရေကြည်<br>၂။ ငပုတော<br>၃။ ဒေးဒရဲ<br>၄။ ညောင်တုန်း<br>၅။ ဓနုဖြူ<br>၆။ အင်္ဂပူ<br>၇။ မော်လမြိုင်ကျွန်း<br>၈။ ဇလွန်<br>၉။ လေးမျက်နှာ | |

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တရားရေးမိသားစုများ ပျော်ပွဲရွှင်ပွဲနှင့် ညစာစားပွဲကျင်းပ










**နေပြည်တော် ဒီဇင်ဘာ ၂၅**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် **"မိသားစုများ စုံညီညီ၊ တို့တွေ မဲပေးမည်"** အစီအစဉ်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားရေးမိသားစုများ၏ ပျော်ပွဲရွှင်ပွဲနှင့် ညစာစားပွဲကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူကျက်သရေလမ်းနှင့် ရွှေကြာပင်လမ်းထောင့်ရှိ ယာယီဝန်ထမ်းအိမ်ရာ၌ ယနေ့ ကျင်းပသည်။

အဆိုပါ ပျော်ပွဲရွှင်ပွဲနှင့် ညစာစားပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဒွေး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများအပါအဝင် အရာထမ်း ၁၃၆ ဦး၊ အမှုထမ်း ၁၈၉ ဦး၊ မိသားစုဝင် ၉၇ ဦး စုစုပေါင်း ၄၂၂ ဦး တက်ရောက်ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများကို ဗလာမပါကံစမ်းမဲနှိုက်၍ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ရှိ ရေထွက်ဦးလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းဖွင့်ပွဲကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၂၅**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘုရားဖြူရပ်ကွက် ရေထွက်ဦးလမ်း (အမကကျောင်း – လဲလျောင်းရှေ့မှ ထီသိမ်ရေထွက်လမ်းဆုံအထိ) ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ အဆိုပါလမ်း၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ယနေ့ဖွင့်လှစ်သည့် တောင်ကြီးမြို့ဘုရားဖြူရပ်ကွက် ရေထွက်ဦးလမ်း (အမကကျောင်း – လဲလျောင်းရှေ့မှ ထီသိမ်ရေထွက်လမ်းဆုံအထိ) ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသည် အရှည်ပေ ၆၈၄၀၊ အကျယ် ၁၆ ပေရှိသည့် ကတ္တရာလမ်းတစ်လမ်းဖြစ်ပြီး ဘုရားဖြူရပ်ကွက် နယ်မြေ (၇,၈,၉,၁၀) နှင့်အနီးရှိ ကျေးရွာများ၊ အိမ်ခြေ ၁၅၀၀ နှင့် လူဦးရေ ၅၀၀၀ ကျော်ကို အကျိုးပြုသည့် လမ်းတစ်လမ်းဖြစ်ကြောင်း၊ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘုရားဖြူရပ်ကွက် ရေထွက်ဦးလမ်းကို ယနေ့ ဖွင့်လှစ်လိုက်ပြီဖြစ်သည့်အတွက် ဒေသခံ တိုင်းရင်းသား ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးအပါအဝင် ကုန်စည်စီးဆင်းမှုများ ချောမွေ့သက်သာစွာ ကူးလူးရောင်းဝယ် ဖောက်ကားနိုင်ရေး၊ ယာဉ်အန္တရာယ်လမ်းအန္တရာယ် ကင်းရှင်းရေးတို့ကို များစွာအထောက်အကူပြုနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ဘုရားဖြူရပ်ကွက် ရေထွက်ဦးလမ်းကို ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ နားရိုင်းဌာနေပြည်သူ့စစ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(ဓာတ်ပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဘင်ခရာတပ်ဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့၊ အလှူရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ကြပြီး ဘုရားဖြူရေထွက်ဦးလမ်းကို ကြည့်ရှုစစ်ဆေးကြသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ လဲလျောင်းဘုန်းကြီးကျောင်းသို့ သွားရောက်ကာ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မကြာမီကျင်းပမည့်ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် အများပြည်သူများလွတ်လပ်ပြီး တရားမျှတစွာ မဲပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်လွှတ်တော်ရုံးတွင် တောင်ကြီးမြို့ပေါ်ရပ်ကွက် ကျေးရွာများမှ မဲရုံတာဝန်ကျ ကိုယ်စားလှယ်များက မဲပေးမည့်စက်များ လာရောက်ထုတ်ယူနေမှုကိုကြည့်ရှုကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# လားရှိုးမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် အေးမင်းဦးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှတာဝန်ရှိသူများနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက် လာကြသူများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြမှုများအပေါ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ အမှတ်(၁၀)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှိ မဲရုံတွင် ပြည်သူများ မဲစာရင်းကြည့်ရှုနေမှုများကိုလိုက်လံကြည့်ရှုပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်းရှိ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများ သိုလှောင်ထားရှိမှုအခြေနေများ၊ လုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများအား လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

✻ *ရှေ့ဖုံးမှ*

ပိတောက်ရွှေဝါရပ်ကွက်၊ အောင်သုခရပ်ကွက်၊ အေးမြကန်သာရပ်ကွက်၊ သီရိမြိုင်ရပ်ကွက်၊ ပုလုံးတုံးတုံး ကျေးရွာအုပ်စု၊ ရွှေပြည်စိုးကျေးရွာအုပ်စု၊ ဆယ်မိုင်ကျေးရွာအုပ်စုများမှ မဲဆန္ဒရှင် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများက အထက(ခွဲ)အလက(၂) ကျောင်းတို့တွင် ကြိုတင်ဖြည့်သွင်းရမည့် လျှောက်လွှာပုံစံ (၁၃)များကို တစ်ပါတည်းယူဆောင်၍ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု မဲဆန္ဒနယ်များအလိုက် ကြိုတင်ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုကို ကြည့်ရှု

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ယမန်နေ့က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှု၊ မဲဆန္ဒရှင်ပြည်သူများက မဲစာရင်းများ လာရောက်ကြည့်ရှုမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုသည်။ **(ဓာတ်ပုံ)**

အဆိုပါ တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၈ ရပ်ကွက်နှင့် ကျေးရွာလေးရွာတို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ကပ်ထားကြေညာမည်ဖြစ်ရာ မဲဆန္ဒရှင်စာရင်းများအား ပြည်သူများ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**



**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့ သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိက ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)


# ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇီ ဘာရှန် ဦးဆောင်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များက လာရောက်လေ့လာကြမည်ဖြစ်ပြီး ယမန်နေ့ညပိုင်းက ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇီ ဘာရှန် ဦးဆောင်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိကြသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**



ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇီ ဘာရှန် ဦးဆောင်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

# မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အား လက်ခံတွေ့ဆုံ



**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (MISIS) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇီ ဘာရှန် ဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အား ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့ လက်ခံတွေ့ဆုံသည်။(ဓာတ်ပုံ)

တွေ့ဆုံစဉ် ရွေးကောက်ပွဲဆိုင်ရာအချက်အလက်နှင့် လုပ်ငန်းစဉ်များ၊ အနာဂတ်တွင် ပေါ်ပေါက်လာမည့် လွှတ်တော်နှင့် ဘယ်လာရုစ်လွှတ်တော်တို့အကြား ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ ဘယ်လာရုစ်ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ လာရောက်တွေ့ဆုံမှုသည် MISIS နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံမှ သက်ဆိုင်ရာအဖွဲ့အစည်းများအကြား အပြန်အလှန်နားလည်မှုကို ပိုမိုခိုင်မာစေပြီး အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုတစ်ရပ်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုပြီး သာသနိက အဆောက်အအုံများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**ကျိုက်လတ် ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆူးဂဏန်းကျေးရွာအုပ်စု ငွေးချောင်းကြီးကျေးရွာ၊ ငွေးချောင်းလေးကျေးရွာနှင့် အုန်းပင်စုကျေးရွာတို့တွင် လျှပ်စစ်မီးဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး လျှပ်စစ်မီးဖွင့်ပွဲဆိုင်းဘုတ်ကို ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ကျေးရွာအတွင်း မီတာများ တပ်ဆင်ထားရှိမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။ (ဓာတ်ပုံ) ထို့နောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**ကျိုက်လတ်(ပြန်/ဆက်)**



**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့၊ ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။**


# ဆယ်စုနှစ်များစွာ ရပ်တန့်နေသော ဆက်ဆံရေးကို ပြန်လည်သတ်မှတ်ရန် အမေရိကန်နိုင်ငံကို အခွင့်အရေးပေးသည့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲများ

**မြန်မာ့ရွေးကောက်ပွဲများ – အရှေ့တောင်အာရှရှိ အမေရိကန်၏ မူဝါဒကို ပြန်လည်ချိန်ညှိခြင်းလား (Myanmar Elections: U.S. Policy Reset in Southeast Asia?)**

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးနှင့် တည်ငြိမ်အေးချမ်းမှုအပိုင်းတွင် တိုးတက်မှုများ ရှိလာသည်ကို အကြောင်းပြုလျက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရက မြန်မာနိုင်ငံသားများအပေါ် ပေးအပ်ထားသော ယာယီအကာအကွယ်ပေးထားသည့် အဆင့်အတန်း (Temporary Protected Status for Burmese–TPS) ကို မကြာသေးမီက ရပ်စဲလိုက်ခြင်းသည် အမေရိကန်–မြန်မာ ဆက်ဆံရေးတွင် အပြောင်းအလဲများ ဖြစ်လာနိုင်ဖွယ်ရှိကြောင်း အချက်ပြနေပါသည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလနှောင်းပိုင်းတွင် စတင်ကျင်းပမည့် မြန်မာနိုင်ငံအမျိုးသားအဆင့် ရွေးကောက်ပွဲများသည် ဆယ်စုနှစ်များစွာကြာ ရပ်တန့်နေခဲ့သော အမေရိကန်–မြန်မာဆက်ဆံရေးကို ပြန်လည်ချိန်ညှိရန် ဝါရှင်တန် (အမေရိကန်အစိုးရ) အတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်စေပြီး အရှေ့တောင်အာရှတစ်ဝန်းရှိ အမေရိကန်၏ မဟာဗျူဟာမြောက် နေရာယူရပ်တည်မှုအပေါ် သက်ရောက်မှုများ ရှိလာစေနိုင်ပါသည်။

**လတ်တလော ဒေသတွင်းအရှိန်အဟုန်**

အမေရိကန် အစိုးရအဖွဲ့သည် အလယ်ပိုင်းနှင့် အရှေ့တောင်အာရှဒေသများတွင် စီးပွားရေးအရ ထိတွေ့ဆက်ဆံရန် စဉ်ဆက်မပြတ် အလေးထားလျက်ရှိကြောင်း ပြသခဲ့ပါသည်။ ကာဇက်စတန်နိုင်ငံနှင့် အမေရိကန် ဒေါ်လာ ၁၇ ဘီလီယံကျော်တန်ဖိုးရှိ မကြာသေးမီက သဘောတူညီချက်တွင် အမေရိကန်နိုင်ငံထုတ် မီးရထားစက်ခေါင်း ဝယ်ယူမှုအတွက် ဒေါ်လာ ၄ ဘီလီယံ ပါဝင်ပါသည်။ ထို့ပြင် မဟာဗျူဟာမြောက် မိတ်ဖက်အဖြစ် ဆက်ဆံရေးအဆင့်တိုးမြှင့်ထားသော ဥဇဘက်ကစ္စတန်နိုင်ငံနှင့်လည်း အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံတန် သဘောတူညီချက်တွင် အမေရိကန်နိုင်ငံထုတ် လေယာဉ်ဝယ်ယူမှုတန်ဖိုး ၈ ဘီလီယံကျော် ပါဝင်ပါသည်။


NOW READING: MYANMAR ELECTIONS: U.S. POLICY RESET IN SOUTHEAST ASIA? UP NEXT:

Myanmar Elections: U.S. Policy Reset in Southeast Asia?

By Joe Buccino
December 22, 2025

The Trump administration's recent termination of Temporary Protected Status for Burmese nationals, citing Myanmar's progress in governance and stability, signals a potential shift in U.S.-Myanmar relations. With Myanmar's first national elections scheduled for later this month, Washington has an opportunity to recalibrate a relationship that has stagnated for decades—with implications for U.S. strategic positioning across Southeast Asia.

Recent Regional Momentum

The administration has demonstrated a sustained appetite for economic engagement in Central and Southeast Asia. Recent agreements with Kazakhstan totaling over $17 billion include $4 billion in American locomotive purchases. A $35 billion deal with Uzbekistan, elevated to strategic

မြန်မာနိုင်ငံနှင့် ပိုမိုနီးကပ်သည့် ထိုင်း၊ မလေးရှား၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့နှင့် ကုန်သွယ်ရေး သဘောတူညီချက်များက အမေရိကန်နိုင်ငံ၏ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုအတွက် မရှိမဖြစ်လိုအပ်သော တွင်းထွက်သတ္တုများကို ပိုမိုလက်လှမ်းမီစေခဲ့ပါသည်။ ထို့ပြင် ယင်းသဘောတူညီချက်များသည် နိုင်ငံဖြတ်ကျော်ဆိုက်ဘာရာဇဝတ်မှု ကွန်ရက်များကို ဖြိုခွင်းရာ၌ အမေရိကန်နိုင်ငံနှင့် ဒေသတွင်းတရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကိုလည်း အားကောင်းလာစေခဲ့ပါသည်။ မြန်မာနိုင်ငံတွင်လည်း သတ္တုသယံဇာတကြွယ်ဝမှုနှင့် ယင်း၏ နယ်နိမိတ်အတွင်း လှုပ်ရှားနေသော ရာဇဝတ်ဂိုဏ်း ကွန်ရက်များနှင့် ပတ်သက်သည့် စိန်ခေါ်မှုများ ရှိနေခြင်းကြောင့် အဆိုပါအစပျိုးလုပ်ဆောင်ချက်များသည် မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံရာတွင် အသုံးချနိုင်မည့် ပုံစံကွက်တစ်ရပ်ကို ဖော်ဆောင်ပေးလျက်ရှိပါသည်။

**မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် အရေးပါမှု**

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားတစ်ခုတည်းကပင် မဟာဗျူဟာအရ အာရုံစိုက်မှုကိုခံရထိုက်သည်။ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင် နှစ်ခုစလုံးသို့ တိုက်ရိုက်ထွက်ပေါက်ရှိသည့် တစ်ခုတည်းသော အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသကို ချိတ်ဆက်ပေးထားသည့် အရေးပါသောနေရာတွင် တည်ရှိနေပါသည်။

မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဒေသကို ထိန်းချုပ်ထားနိုင်ခြင်းသည် အရေးပါသော ပင်လယ်ရေကြောင်းများတွင် အမေရိကန်ရေတပ်အတွက် ဝင်ထွက်သွားလာခွင့် အလားအလာကို ပေးစွမ်းနိုင်သကဲ့သို့ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ လာအိုနိုင်ငံတို့နှင့် ကုန်းမြေနယ်နိမိတ်ချင်း ထိစပ်နေခြင်းကလည်း ဒေသတွင်း ကုန်သွယ်ရေးနှင့် စစ်ဘက်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးတို့အတွက် သဘာဝအလျောက် အချက်အချာကျသော ဆုံချက်နေရာတစ်ခု ဖြစ်ပေါ်စေပါသည်။ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုနှင့် ထွန်းသစ်စနည်းပညာများအတွက် မရှိမဖြစ်လိုအပ်သော မြေရှားသတ္တုများ (Rare Earth Elements) အပါအဝင် နိုင်ငံ၏သဘာဝသယံဇာတများသည် မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်တန်ဖိုးကို ပိုမိုမြင့်မားစေသော အခြားကဏ္ဍတစ်ခု ဖြစ်ပါသည်။

အမေရိကန်နိုင်ငံက ဆယ်စုနှစ် နှစ်စုကြာ ကျင့်သုံးလျက်ရှိသည့် မြန်မာနိုင်ငံအပေါ် သီးခြားဖယ်ကြဉ်ရေးမူဝါဒသည် ဟာကွက်တစ်ခုကို ဖြစ်ပေါ်စေခဲ့ပြီး ယင်းနေရာတွင် ပြိုင်ဘက်အင်အားကြီးနိုင်ငံများက ဝင်ရောက်နေရာယူခဲ့ကြပါသည်။ အမေရိကန်က သိသာထင်ရှားရှိမနေခြင်းကြောင့် မြန်မာနိုင်ငံသည် စီးပွားရေး မိတ်ဖက်ဆောင်ရွက်မှု၊ စစ်ဘက်ဆိုင်ရာ ပစ္စည်းကိရိယာများနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ

*စာမျက်နှာ ၇ သို့*

- **အမေရိကန်နိုင်ငံက ဆယ်စုနှစ် နှစ်စုကြာ ကျင့်သုံးလျက်ရှိသည့် မြန်မာနိုင်ငံအပေါ် သီးခြားဖယ်ကြဉ်ရေးမူဝါဒသည် ဟာကွက်တစ်ခုကို ဖြစ်ပေါ်စေခဲ့ပြီး ယင်းနေရာတွင် ပြိုင်ဘက်အင်အားကြီးနိုင်ငံများက ဝင်ရောက်နေရာယူခဲ့ကြပါသည်။ အမေရိကန်က သိသာထင်ရှားရှိမနေခြင်းကြောင့် မြန်မာနိုင်ငံသည် စီးပွားရေးမိတ်ဖက်ဆောင်ရွက်မှု၊ စစ်ဘက်ဆိုင်ရာ ပစ္စည်းကိရိယာများနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ငွေကြေးထောက်ပံ့မှုများအတွက် အခြားနေရာအရပ်ဒေသသို့ ပိုမိုမျှော်ကြည့်လာခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် ပြန်လည်ချိတ်ဆက်ခြင်းသည် အဆိုပါလွှမ်းမိုးမှုများကို ပြန်လည်ထိန်းညှိရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ကာကွယ်ရေးနှင့် နည်းပညာကဏ္ဍများအတွက် မရှိမဖြစ်လိုအပ်သော အရေးပါသည့် အရင်းအမြစ်များကို အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ရရှိနိုင်စေမည်**
- **အောက်တိုဘာလတွင် ကျင်းပခဲ့သော အာဆီယံထိပ်သီးအစည်းအဝေး၌ (အမေရိကန်) အစိုးရအဖွဲ့က မြန်မာအစိုးရအပေါ် လူသိရှင်ကြားဝေဖန်ခြင်းမှ ထူးခြားစွာရှောင်ကြဉ်ခဲ့ပြီး ယင်းသည်ယခင်ချဉ်းကပ်ဆောင်ရွက်မှုများနှင့် သိသာထင်ရှားစွာ ကွဲပြားသည်။ ယခုကဲ့သို့ ချင့်ချိန်တုံ့ပြန်မှုသည် နိုင်ငံရေးဆိုင်ရာ ကန့်သတ်ချက်များ (political conditionality) ထက် မဟာဗျူဟာမြောက်ထိတွေ့ဆက်ဆံရေးကို ဦးစားပေးလိုသည့် ဆန္ဒရှိကြောင်း ညွှန်ပြနေခြင်းဖြစ်နိုင်**

**ရွေးကောက်ပွဲကျင်းပရန် ၂ ရက် သာ လိုတော့သည်။**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

❖ **အမေရိကန် နိုင်ငံခြားရေးဝန်ကြီး Mr. Rubio က အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် မကြာမီ ကျင်းပမည့် ရွေးကောက်ပွဲများနှင့်ပတ်သက်၍ ရွေးကောက်ပွဲ လုပ်ငန်းစဉ်၏ တရားမျှတမှု၊ ယုံကြည်နိုင်မှု၊ တရားဝင်မှု သို့မဟုတ် သက်ဆိုင်ရာနိုင်ငံ၏ ဒီမိုကရေစီတန်ဖိုးများ အပေါ် အမြင်သဘောထား ထုတ်ဖော်ပြောကြားခြင်းကို ရှောင်ရှားမည်ဟု ယခုနှစ် အစောပိုင်းတွင် ပြောကြားခဲ့ပါသည်။ အဆိုပါသဘောတရားကို မြန်မာနိုင်ငံ၏ ယခုပြုလုပ်မည့် ရွေးကောက်ပွဲများအပေါ် လိုက်နာအသုံးချမည်ဆိုပါက အမေရိကန်အစိုးရ၏ ထုတ်ပြန်ထားသော မူဝါဒနှင့် ကိုက်ညီသည့် လုပ်ဆောင်ချက်ဖြစ်သကဲ့သို့ ပိတ်ထားသော သံတမန်လမ်းကြောင်းများကို ပွင့်သွားစေနိုင်သည်**

*စာမျက်နှာ ၆ မှ*

ငွေကြေးထောက်ပံ့မှုများအတွက် အခြားနေရာအရပ်ဒေသသို့ ပိုမိုမျှော်ကြည့်လာခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် ပြန်လည်ချိတ်ဆက်ခြင်းသည် အဆိုပါလွှမ်းမိုးမှုများကို ပြန်လည်ထိန်းညှိရာတွင် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ကာကွယ်ရေးနှင့် နည်းပညာကဏ္ဍများအတွက် မရှိမဖြစ်လိုအပ်သော အရေးပါသည့် အရင်းအမြစ်များကို အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှရရှိနိုင်စေမည် ဖြစ်ပါသည်။

လတ်တလော သံတမန်ရေးရာ အချက်ပြမှုများက နှစ်နိုင်ငံ ထိုကဲ့သို့ပြန်လည်ထိတွေ့ဆက်ဆံနိုင်ရန် လမ်းဖွင့်ထားသည်ကို ညွှန်ပြလျက် ရှိပါသည်။ အောက်တိုဘာလတွင် ကျင်းပခဲ့သော အာဆီယံထိပ်သီးအစည်းအဝေး၌ (အမေရိကန်) အစိုးရအဖွဲ့က မြန်မာအစိုးရအပေါ် လူသိရှင်ကြား ဝေဖန်ခြင်းမှ ထူးခြားစွာ ရှောင်ကြဉ်ခဲ့ပြီး ယင်းသည် ယခင်ချဉ်းကပ်ဆောင်ရွက်မှုများနှင့် သိသာထင်ရှားစွာ ကွဲပြားသည်။ ယခုကဲ့သို့ ချင့်ချိန်တုံ့ပြန်မှုသည် နိုင်ငံရေးဆိုင်ရာ ကန့်သတ်ချက်များ (political conditionality) ထက် မဟာဗျူဟာမြောက်ထိတွေ့ဆက်ဆံရေးကို ဦးစားပေးလိုသည့် ဆန္ဒရှိကြောင်း ညွှန်ပြနေခြင်း ဖြစ်နိုင်သည်။

### အလားအလာရှိသည့် ပြန်လည်တည်ဆောက်ရေး အစီအမံများ

ခိုင်မာသော မူဝါဒပြင်ဆင်မှုအချို့သည် အပြန်အလှန် တုံ့ပြန်ဆက်သွယ်မှုများအတွက် အခြေအနေများကို ဖန်တီးပေးရင်း တစ်ဖက်တွင် အမေရိကန်အနေဖြင့် ထိတွေ့ဆက်ဆံမှု အသစ်များပြုလုပ်ရန် လမ်းဖွင့်ထားကြောင်း အချက်ပြနိုင်သည်။ ပုံမှန်ဆက်ဆံရေးဆီသို့ ဦးတည်သွားမည့် အရှိန်အဟုန်ကို တည်ဆောက်ရန်အတွက် ဂရုတစိုက် အဆင့်ဆင့် စီစဉ်ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး Mr. Rubio က အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် မကြာမီကျင်းပမည့် ရွေးကောက်ပွဲများနှင့် ပတ်သက်၍ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ တရားမျှတမှု၊ ယုံကြည်နိုင်မှု၊ တရားဝင်မှု သို့မဟုတ် သက်ဆိုင်ရာနိုင်ငံ၏ ဒီမိုကရေစီတန်ဖိုးများအပေါ် အမြင်သဘောထား ထုတ်ဖော်ပြောကြားခြင်းကို ရှောင်ရှားမည်ဟု ယခုနှစ် အစောပိုင်းတွင် ပြောကြားခဲ့ပါသည်။ အဆိုပါသဘောတရားကို မြန်မာနိုင်ငံ၏ ယခုပြုလုပ်မည့် ရွေးကောက်ပွဲများအပေါ် လိုက်နာအသုံးချမည်ဆိုပါက အမေရိကန်အစိုးရ၏ ထုတ်ပြန်ထားသော မူဝါဒနှင့် ကိုက်ညီသည့် လုပ်ဆောင်ချက်ဖြစ်သကဲ့သို့ ပိတ်ထားသော သံတမန်လမ်းကြောင်းများကို ပွင့်သွားစေနိုင်သည်။

ဤရပ်တည်ချက်က ဒီမိုကရေစီအရေးလှုပ်ရှားသူများ၏ ဝေဖန်မှုများ ကြုံတွေ့ရနိုင်သော်လည်း အထူးသဖြင့် အထီးကျန်ထားခြင်းက မြန်မာနိုင်ငံအတွင်း လိုလားသော နိုင်ငံရေးအပြောင်းအလဲများကို မဖော်ဆောင်နိုင်ခဲ့ခြင်းကြောင့် ဆက်လက်အထီးကျန်ထားခြင်းထက် ထိတွေ့ဆက်ဆံခြင်းက အမေရိကန်၏ အကျိုးစီးပွားကို ပိုမိုဖြစ်ထွန်းစေနိုင်သည်ဟူသော သုံးသပ်ဆုံးဖြတ်ချက်ကို ထင်ဟပ်စေသည်။

စီးပွားရေး မျက်နှာစာတွင် လေယာဉ်အစိတ်အပိုင်းများ၊ သတ္တုတူးဖော်ရေး စက်ပစ္စည်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အခြေခံအဆောက်အအုံများအတွက် အသုံးပြုမည့် ပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာစက်ပစ္စည်းများအပါအဝင် အမေရိကန်ကုမ္ပဏီများအတွက် အကျိုးရှိစေမည့် စီးပွားရေးအခွင့်အလမ်းများအတွက် ပံ့ပိုးမှုများ တည်ဆောက်ပေးရမည်။ ထိုကဲ့သို့ အစီအစဉ်များသည် ပြစ်ဒဏ်ခတ်သည့် အစီအမံများကို ကျော်လွန်၍ ရှေ့ဆက်လိုသော အမေရိကန်၏ ဆန္ဒကို ပြသရာရောက်မည် ဖြစ်သည်။

၂၀၂၃ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ ပိတ်ဆို့အရေးယူမှု စည်းမျဉ်းများ (Burma Sanctions Regulations) က အမေရိကန် စွမ်းအင်ကုမ္ပဏီများကို မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ ထိရောက်စွာ ဖယ်ထုတ်ထားခဲ့သည်။ ထိုကဲ့သို့ ကန့်သတ်ချက်များကို ပြန်လည်သုံးသပ် ပြင်ဆင်ပါက လက်ရှိမြန်မာ့စွမ်းအင် ဖွံ့ဖြိုးတိုးတက်မှုကို လွှမ်းမိုးထားသော အခြားနိုင်ငံများ၏ နိုင်ငံပိုင်စွမ်းအင်လုပ်ငန်းများနှင့် အမေရိကန်ကုမ္ပဏီများအကြား ယှဉ်ပြိုင်နိုင်မည့် အခွင့်အရေးများ ရှိလာနိုင်ပါသည်။ အမေရိကန် စွမ်းအင်ကုမ္ပဏီများသည် အရင်းအနှီးနှင့် နည်းပညာသာမက မြန်မာ့ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုနိုင်မည့် ပိုမိုမြင့်မားသော သဘာဝပတ်ဝန်းကျင်နှင့် ဘေးကင်းရေးဆိုင်ရာ စံချိန်စံညွှန်းများကိုပါ ယူဆောင်လာပေးနိုင်သည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် စီးပွားရေးအကျိုးအမြတ်များကို ရရှိစေမည့်အပြင် မြန်မာနိုင်ငံ၏ စီးပွားရေးလမ်းကြောင်းနှင့် နိုင်ငံတကာရပ်တည်မှုများကို ပုံဖော်ပေးနေသော ကဏ္ဍတစ်ခုအပေါ်တွင် မဟာဗျူဟာမြောက် လွှမ်းမိုးမှုကိုပါ ရရှိစေမည်ဖြစ်သည်။

### ဒေသတွင်းဆက်စပ်အခြေအနေများနှင့် သာဓကများ

မြန်မာနိုင်ငံ ခေါင်းဆောင်ပိုင်းက အမေရိကန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် အမေရိကန်နိုင်ငံသားများကို ပစ်မှတ်ထားသည့် ဆိုက်ဘာရာဇဝတ်မှု လုပ်ငန်းများကို တန်ပြန်ရာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဖော်ပြခဲ့ပါသည်။ မြန်မာနိုင်ငံသည် အွန်လိုင်းလိမ်လည်မှုစင်တာများကို နှိမ်နင်းရန် ခြေလှမ်းများ စတင်ခြင်းဖြင့် အပြန်အလှန် စိုးရိမ်ပူပန်မှုဖြစ်စေသည့် ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်းကို ပြသခဲ့ပါသည်။ မွန်ဂိုလီးယားနှင့် ကာဇက်စတန်နိုင်ငံတို့တွင် အောင်မြင်စွာ ကျင့်သုံးခဲ့ပြီးဖြစ်သော (အမေရိကန်) အစိုးရ၏ “တတိယအိမ်နီးချင်း(Third Neighbor)” ကုန်သွယ်ရေး မူဘောင်သည် ၎င်းတို့၏ နိုင်ငံတကာ မိတ်ဖက်ဆက်ဆံရေးများကို စုံလင်ကွဲပြားစေရန် ကြိုးပမ်းနေသော နိုင်ငံများနှင့် ထိတွေ့ဆက်ဆံရာတွင် သက်သေပြပြီးသား သာဓကတစ်ခုဖြစ်သည်။

အဆိုပါမူဘောင်သည် ကမ္ဘာ့နိုင်ငံများအား အမေရိကန်နိုင်ငံနှင့် လွတ်လပ်သော စီးပွားဆက်ဆံရေး တည်ဆောက်နိုင်စေမည်ဖြစ်သည့်ပြင် အရေးပါသည့် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ဆက်ဆံရေး ဟန်ချက်ညီမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။

### မဟာဗျူဟာမြောက် ထည့်သွင်းစဉ်းစားစရာများ

အမေရိကန်နိုင်ငံက ထိတွေ့ဆက်ဆံမှုထက် အထီးကျန်ထားခြင်း (Isolation) ကို ဦးစားပေးထားသည့်မူဝါဒကို ဆယ်စုနှစ်နှစ်ခုကြာ ကျင့်သုံးခဲ့သည်။ ဤအချက်က မဟာဗျူဟာမြောက် နေရာများကို ပြိုင်ဘက်များထံ လက်လွှတ်လိုက်ရသာ ဖြစ်စေခဲ့သည်။ မူဝါဒဆိုင်ရာ မေးခွန်းတစ်ခုမှာ ဆက်လက်အထီးကျန်ထားခြင်းက စည်းကမ်းသတ်မှတ်ချက်များပါရှိသော ထိတွေ့ဆက်ဆံမှု (conditional engagement) ထက် အမေရိကန်၏ အကျိုးစီးပွားကို ပိုမိုအကျိုးပြုမည်လား ဆိုသည်ပင်ဖြစ်သည်။

မကြာမီ ကျင်းပမည့် ရွေးကောက်ပွဲများသည် အမြဲတမ်းရှိမနေနိုင်သော သံတမန်ရေးရာ လမ်းစတစ်ခုကို ပေးစွမ်းနေသည်။ အုပ်ချုပ်မှုတိုးတက်မှုများ၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအပြင် ဒေသတွင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့နှင့် ဆက်စပ်နေသည့် ခိုင်မာသော စံနှုန်းများအပေါ်တွင် အခြေခံ၍ ထိတွေ့ဆက်ဆံမှုကို ဖော်ဆောင်နိုင်ပါမည်။ ထိုကဲ့သို့သော ချဉ်းကပ်မှုသည် ဘက်စုံပြောင်းလဲမှုကို ကြိုတင်စည်းကမ်းချက်အဖြစ် တောင်းဆိုခြင်းမျိုးမဟုတ်ဘဲ တစ်ဆင့်ချင်းတိုးတက်မှုအတွက် မက်လုံးများ ဖန်တီးပေးရင်း တစ်ဖက်တွင်လည်း ဩဇာညောင်းမှုကို ထိန်းသိမ်းထားနိုင်မည် ဖြစ်သည်။

ချဉ်းကပ်မှုသည် ကြီးမားသော ပြောင်းလဲမှုများကို တိုက်ရိုက်တောင်းဆိုခြင်းအစား တဖြည်းဖြည်း ဖော်ဆောင်မည့် တိုးတက်မှုအတွက် လှုံ့ဆော်မှုကို ထိန်းသိမ်းပေးနိုင်မည် ဖြစ်ပါသည်။

အရှေ့တောင်အာရှဒေသ၏ နိုင်ငံရေးနှင့် စီးပွားရေးအခင်းအကျင်းကို ပြိုင်ဘက်အင်အားကြီးနိုင်ငံများက တက်ကြွစွာ ပုံဖော်ပေးလျက် ရှိပါသည်။ အမေရိကန်ပြည်ထောင်စုအနေဖြင့် မြန်မာနိုင်ငံတွင် ဩဇာလွှမ်းမိုးမှုရရန် ယှဉ်ပြိုင်မည်လား သို့မဟုတ် ပြိုင်ဘက်များက မြေပြင်အခြေအနေများကို အခိုင်အမာ တည်ဆောက်နေချိန်တွင် ဆက်လက်စောင့်ကြည့်နေမည်လားဆိုသည်မှာ အင်ဒို-ပစိဖိတ်ဒေသတွင်း အင်အားချိန်ခွင်လျှာအတွက် ရေရှည်အကျိုးသက်ရောက်မှုများ ရှိစေမည့် အခြေခံကျသော မဟာဗျူဟာမြောက် ရွေးချယ်မှုတစ်ခုဖြစ်သည်။ အလယ်အာရှနှင့် ပင်မအရှေ့တောင်အာရှရှိ (အမေရိကန်) အစိုးရ၏ လတ်တလော လုပ်ဆောင်ချက်မှတ်တမ်းများက မဟာဗျူဟာ အကျိုးစီးပွားများနှင့် အမေရိကန် အကျိုးစီးပွားများ ကိုက်ညီသည့်နေရာတွင် ထိတွေ့ဆက်ဆံမှုကို ဆက်လက်လုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ပြသနေသည်။

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထား၊ သယံဇာတများနှင့် အာဆီယံအတွင်း တည်ရှိမှုတို့က ဤချဉ်းကပ်မှုအတွက် ယုတ္တိရှိသော နောက်ထပ်အာရုံစိုက်စရာ ဖြစ်လာစေပါသည်။ ။

Joe Buccino သည် အမေရိကန်ကြည်းတပ် ဗိုလ်မှူးကြီး (ငြိမ်း) တစ်ဦးဖြစ်ပြီး Vantage + Vox ၏ CEO လည်းဖြစ်သည်။

**(မြန်မာနိုင်ငံ၌ မကြာမီပြုလုပ်မည့် ရွေးကောက်ပွဲသည် အမေရိကန်နိုင်ငံ၏ အရှေ့တောင်အာရှဒေသဆိုင်ရာ မူဝါဒပြောင်းလဲမှုဖြစ်စေနိုင်ခြင်း ရှိ/ မရှိနှင့်စပ်လျဉ်း၍ ၂၂- ၁၂-၂၀၂၅ ရက်နေ့က RealClear Defense တွင် သုံးသပ်ရေးသားဖော်ပြခဲ့သည့် Joe Buccino ၏ Myanmar Elections: U.S. Policy Reset in Southeast Asia? ဆောင်းပါးကို ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။)**

# (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် စာပြန်သံဃာတော်များအား ပြည်ထောင်စုဝန်ကြီးများက လာရောက်ဖူးမြော်ကြည်ညို

**ရန်ကုန် ဒီဇင်ဘာ ၂၅**

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပလျက်ရှိရာ ယနေ့နံနက်တွင် စာမေးပွဲကျင်းပရာသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက လာရောက်ဖူးမြော်ကြည်ညိုကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးများသည် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ သီတင်းသုံးတော်မူလျက်ရှိသော တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီး ကိုးပါးတို့အား ဖူးမြော်ကြည်ညို၍ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် ပဓာနနာယက တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ ထံမှ ဩဝါဒခံယူကြပြီး တိပိဋကဓရ တိပိဋကကောဝိဒဩဝါဒါစရိယ ဆရာတော်ကြီးများထံ သင်္ကန်းစသော နဝကမ္မလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ဩဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒါဘိဝံသထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း အာဂုံပြန်ဆိုတော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုလျက်ရှိကြသည့် စာပြန်သံဃာတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

(၇၈) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်အထိ ၃၃ ရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး စာဖြေသံဃာစုစုပေါင်း ၅၂၆ ပါး ဝင်ရောက်ပြန်ဆို/ဖြေဆိုကြမည်ဖြစ်ကာ ယနေ့ တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲတွင် အဘိဓမ္မာ (ဒုတိယပိုင်း) စာပြန်သံဃာ တစ်ပါး၊ အဘိဓမ္မာ (ပထမပိုင်း) စာပြန်သံဃာ သုံးပါး၊ ဒီဃနိကာယ် စာပြန်သံဃာ တစ်ပါး၊ ဝိနည်း(ဒုတိယပိုင်း) စာပြန်သံဃာ ၃၅ ပါး၊ ဝိနည်း (ပထမပိုင်း) စာပြန်သံဃာအပါး ၃၀၊ စုစုပေါင်း အပါး ၇၀ တို့ အာဂုံပြန်ဆိုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျှင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် မဟာမင်းထင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၂၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ယမန်နေ့က ငလျှင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမင်းထင်ကျောင်းကို ကြည့်ရှုစစ်ဆေးကာ ရှေးဟောင်းသစ်သားဘုန်းတော်ကြီးကျောင်း ဖြစ်ပြီး အနုလက်ရာများ ကျန်ရှိသည့် ကျောင်းဖြစ်သည့်အတွက် ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျဆောင်ရွက်ရန်မှာကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် အင်းဝဒေသရှိမောင်အိုအုတ်လမ်းသို့ရောက်ရှိရာ မောင်အိုအုတ်လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနက ဆောင်ရွက်နေသော မူလအုတ်လမ်း ကြမ်းခင်းပေါ်ရန် အပေါ်မှ မြေသားများဖယ်ရှား၍ လမ်းခင်းခြင်းလုပ်ငန်းနှင့် ၁၀ ပေအကျယ် ၃ ပေအနက် မြေသားမြောင်းတူးခြင်း လုပ်ငန်းကိုလည်းကောင်း၊ ရွှေလင်းသစ်ကုမ္ပဏီက ဆောင်ရွက်နေသည့် မှန်ကူကွက်များတွင် အုတ်အစားထိုးဖြည့်စီ၍ အချောကိုင်ခြင်း လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မှန်ကူကွက်များကို ညီညာအောင် ဆောင်ရွက်ပေးရန်၊ အနားစွန်းများတွင် ပွဲနေသည်များကို အချောသပ်ပေးရန်နှင့် အမြင်ကွယ်နေသော သစ်ပင်များရှင်းလင်းပေးရန် မှာကြားသည်။

ထို့နောက် ငလျှင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အင်းဝရှေးဟောင်းသုတေသနပြတိုက်ရှိ အနီရောင်အဆင့် သတ်မှတ်ထားသည့် အဆောင် A နှင့် အဆောင် C ထိခိုက်ပျက်စီးမှုနှင့် မယ်နုအုတ်ကျောင်း ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ငလျှင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အင်းဝ ဗားကရာ သစ်သားဘုန်းတော်ကြီး ကျောင်းကိုလည်းကောင်း၊ လောကသရဖူဘုရား ထိခိုက်ပျက်စီးမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ငလျှင်ကြောင့် ပြိုကျခဲ့သော ဂန္ဓာကုဋီတိုက်အား အသစ်ပြန်လည် ဆောက်လုပ်ပါက Steel Structure အသုံးမပြုရန်နှင့် တောင်သမန် ကျောက်တော်ကြီးဘုရားရှိ နံရံဆေးရေးပန်းချီ အထောက်အထားအတိုင်း ဆောင်ရွက်ရန်၊ ဘုရားဝင်းထဲတွင် ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် မအပ်စပ်သည့် ရုပ်တုများကို ထပ်မံတိုးပွားခြင်း မပြုလုပ်ရန်၊ ရဲလောင်း (ဆွမ်းလောင်းဇရပ်) တွင်ထားရှိသော ဗုဒ္ဓဘာသာနှင့် မအပ်စပ်သည့် ရုပ်တုများကို ဖယ်ရှားပေးရန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

(၂၅-၁၂-၂၀၂၅)

| | |
|---|---|
| ဟားခါးမြို့ | ၂ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| တီးတိန်မြို့နှင့် လွိုင်လင်မြို့ | ၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုးမြို့ | ၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်းမြို့ | ၅ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန်မြို့(ရှမ်း/တောင်) | ၆ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်းမြို့ | ၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင်မြို့ | ၇ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် |
| လားရှိုးမြို့ | ၈ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ် |

# လယ်ဝေးမြို့နယ်အတွင်းရှိ မဲရုံများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင်၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည့် မဲရုံများ ကြိုတင်ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် နေပြည်တော်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတိုးဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် ကော်မတီဝင်များနှင့်အတူ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် အမှတ်(၁) ရပ်ကွက်မဲရုံသို့ သွားရောက်ကြည့်ရှုကာ တာဝန်ထမ်းဆောင်မည့် မဲရုံကြီးကြပ်၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မဲရုံလုံခြုံရေးနှင့် မဲပေးရန် လာရောက်သည့် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေစေရေးနှင့် အခြားလိုအပ်သည်များ မှာကြားကာ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့်တာဝန်ရှိသူများသည် အမှတ်(၂)ရပ်ကွက်မဲရုံနှင့် သစ်ဆိမ့်ပင်ကျေးရွာအုပ်စု မဲရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သင့်တွင် တာဝန်ရှိလေပြီ

- ပြည်သူသည်သာ အဓိကပါဟု
ဆိုလာစကား နေ့တိုင်းကြားသော်
ပိုင်းခြားဆုံးဖြတ် လုပ်ရပ်အမှန်
ချန်လှပ်မထား မစဉ်းစားဘဲ
ရှိထားသမျှ ဒို့ဘဝကို
ယုံရမည်ထင့် သင့်လက်ထဲသို့
ခိုင်မြဲမိဋ္ဌာန် ယုံကြည်သံဖြင့်
အမြန်နှင်းအပ်လိုက်ပါပြီ။

- ပြည်သူဘက်က လုံးဝတာဝန်
ကျေပွန်သလို သင့်ကိုကိုးစား
ယုံကြည်ထားသမျှ သင့်ဘက်ကနေ
စဉ်းစားဝေဖန် ပြည်သူ့အသံကို
ပြန်လှန်စစ်ကြော ပြုသဘောဖြင့်
ကောင်းသောခေါင်းဆောင် ဖြစ်အောင်ကြိုးပမ်း
မှုတော်ထမ်းဖို့ လုံးပန်းအစဉ်
တောင်းပန်ချင်သည် သင့်တွင်တာဝန်ရှိပြီကော။

ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပမည့်ရွေးကောက်ပွဲဝင်မည့် ပြည်သူ့ကိုယ်စားလှယ်လောင်းများသို့။

ဘိုမျိုး(ရွှေဘို)

# ကျုံမငေးမြို့ မြတ်စွယ်တော်ဈေးကျောင်း ပရိယတ္တိစာသင်တိုက်ရှိ ပရိယတ္တိ ပဋိပတ္တိဓမ္မစင်တာ၌ ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားဆင်းတုတော် အဆူ(၅၀၀) အနေကဇာတင် မင်္ဂလာအခမ်းအနား ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၅

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ မြတ်စွယ်တော်ဈေးကျောင်း ပရိယတ္တိစာသင်တိုက်ရှိ ပရိယတ္တိ ပဋိပတ္တိဓမ္မစင်တာ၌ ကျင်းပသည့် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားဆင်းတုတော် အဆူ (၅၀၀) အနေကဇာတင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။**

ရှေးဦးစွာ ကျုံမငေးမြို့ မြတ်စွယ်တော်ဈေးကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန မဟာနာယက ဘဒ္ဒန္တပညာဇောတ အမှူးပြုသော ပင့်သံဃာဆရာတော်ကြီးများက ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား အနေကဇာတင်လှူပူဇော်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆရာတော်ကြီးများအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ဧည့်ပရိသတ်များအား နံနက်စာကျွေးမွေးလှူဒါန်းသည်။

ယင်းနောက် မြတ်စွယ်တော်ဈေးကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော်ကြီး၏ သိက္ခာထပ်မင်္ဂလာအခမ်းအနားကို အဆိုပါကျောင်းတိုက် သိမ်တော်အတွင်း၌ကျင်းပပြီး အလှူရှင်များက ဆရာတော် သံဃာတော်များအား သိမ်ဆင်းလောင်းလှူကြသည်။

ဆက်လက်၍ ရေစက်ချအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုတို့တွက်ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာ ကောင်းကင်ဘုံသို့ ပင့်ဆောင်ခြင်းခံရသော သခင်မဘုရားကျောင်း၌ ကျင်းပသည့် ခရစ္စမတ်ပွဲတော်သို့ တက်ရောက်အားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ခရစ္စမတ်ပွဲတော်အား ပါဝင်ဆင်နွှဲခွင့်ရသည့်အတွက် ခရစ်တော်ဖွားမြင်ခြင်းနှင့်အတူပါရှိလာသည့် ငြိမ်းချမ်းခြင်းနှင့် ချစ်ခြင်းမေတ္တာများကို အလေးအနက်ထားခံယူကြောင်း၊ မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိသည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ဘာသာပေါင်းစုံချစ်ကြည်ရေးကိုလည်း အစဉ်တစိုက်အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ဘာသာတရားတိုင်း၏ အနှစ်သာရသည် လူသားအချင်းချင်းမေတ္တာထားရှိရန်၊ တစ်ဦးအပေါ်တစ်ဦး သည်းခံခွင့်လွှတ်ကြရန်နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြရန်ဖြစ်ကြောင်း၊ ယခုကျရောက်သည့် ခရစ္စမတ် အခါသမယမှသည် အနာဂတ်တွင် ခရစ်တော်၏ မေတ္တာတရား၊ ငြိမ်းချမ်းခြင်းတရားတို့ လွှမ်းခြုံနိုင်ကြရန် ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘုရားကျောင်းမှ ဆရာတော်ဖာသာတစ်ဦးက ခရစ္စမတ်နေ့ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ဘုရားကျောင်းအတွက်ဆိုလာမီးနှင့်စားသောက်ဖွယ်ရာလက်ဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းကာ ဧည့်ပရိသတ်များအား ခရစ်ယာန်လူငယ်အဖွဲ့က ခရစ္စမတ်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျုံမငေးမြို့ ဥဳစရီရာမလက္ခဏာဘုရားကျောင်းအတွက် ဆိုလာမီး၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ သွားရောက်လှူဒါန်းပြီး ရွှေသုဿန်ဘုန်းကြီးကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုကာ သင်္ကန်း၊ ဆိုလာမီးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်း မုံရွာမြို့၌ ပြည်ပမှ ပြန်လည်ပေးပို့လာသည့် ကြိုတင်မဲများ ဖွင့်ဖောက်မှု ကြည့်ရှုအားပေး

**မုံရွာ ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ပြည်ပမှပေးပို့လာသော ကြိုတင်မဲများ ဖွင့်ဖောက်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံး၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် စစ်ကိုင်းတိုင်း ဒေသကြီး တာဝန်ခံ ဦးမြင့်သိန်းနှင့် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပါတီကိုယ်စားပြု ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုကြသည်။




ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးအတွက် ပြည်ပသို့ ရောက်ရှိနေသည့် မဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများအနေဖြင့် မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် ကြိုတင်မဲများကို သံရုံးများမှတစ်ဆင့် ပေးပို့ခဲ့ကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ဆန္ဒပြုထားသည့် ကြိုတင်မဲများကို မြန်မာနိုင်ငံသို့ ပြန်လည်ပေးပို့လာကြောင်း၊ အဆိုပါပေးပို့လာသည့် ကြိုတင်မဲများကို တိုင်းဒေသကြီးရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ပါတီကိုယ်စားလှယ်များရှေ့တွင် ဖွင့်ဖောက် ရေတွက်ကြမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ပယ်မဲဖြစ်ရသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ကြိုတင်ဆန္ဒမဲလက်မှတ်များကို ပါတီကိုယ်စားလှယ်များ ရှေ့တွင် ပွင့်လင်းမြင်သာစွာ ဖွင့်ဖောက်ရေတွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

- **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့် မဆို ခြိမ်းခြောက်ခြင်း၊ တာဝန် ထမ်းဆောင်မှု အား နှောင့်ယှက်ခြင်း များ ဆောင်ရွက်ပါက တည်ဆဲ ဥပဒေများနှင့် အညီ အရေးယူခံရနိုင် ပါသည်။**

# နိုင်ငံတကာ "ကျွမ်းကျင်သူ" ဆိုတဲ့သူတွေ မြန်မာ့အကြောင်း ဘယ်လိုထပ်ပြီး အကဲဖြတ်လွဲနေကြပြန်ပြီလဲ

မောင်ဒွဲဒိုး

ကဲ... ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲကြီးက ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ စတော့မယ်ဆိုတော့ နိုင်ငံတကာ မီဒီယာကြီးတွေလည်း အလုပ်ရှုပ်လာကြပြီလေ။ မကြာသေးခင်က ထွက်လာတဲ့ Reuters သတင်းတစ်ပုဒ်ကိုပဲကြည့်လိုက်၊ ခေါင်းစဉ်က **"မြန်မာစစ်ကောင်စီ စစ်တလင်းကနေ မဲပုံးဆီ အပြောင်းအလဲ၊ အောင်မြင်နိုင်ခြေနည်းပါး"** တဲ့။ ဒီခေါင်းစဉ်မျိုးက အခုမှ ကြားဖူးတာမှ မဟုတ်တာ၊ အရင်ကလည်း ရာနဲ့ချီပြီး ကြားခဲ့ရတာပဲ။ ဒီရွေးကောက်ပွဲက မအောင်မြင်နိုင်ဘူး၊ **"ဟန်ပြ"** သက်သက်ပဲ၊ အစိုးရကလည်း ပြိုလဲခါနီးပြီဆိုပြီး ပုံဖော်ရေးသားနေကြတာပါပဲ။

ဒါပေမယ့် ဘန်ကောက်က ကော်ဖီဆိုင်တွေ၊ ဝါရှင်တန်ဒီစီက ရုံးခန်းတွေ၊ ဩစတြေးလျက တက္ကသိုလ်ခန်းမတွေထဲမှာ ထိုင်နေတာမဟုတ်ဘဲ မြန်မာနိုင်ငံထဲမှာ တကယ်လက်တွေ့နေထိုင်နေကြတဲ့ ကျုပ်တို့လို လူတွေအတွက်ကတော့ ဒီသုံးသပ်ချက်တွေက အဓိပ္ပာယ်မရှိပါဘူးဗျာ။ ဒါတွေက ကိုယ်ပိုင်အမြင်တွေမဟုတ်ဘဲ တစ်ဖက်သတ် သတင်းအချက်အလက်တွေထဲမှာ ပိတ်မိနေတဲ့ **"ဆရာကြီး"** ဆိုသူတွေရဲ့ စကားတွေပါပဲ။ သူတို့က ပဋိပက္ခတွေစဖြစ်ကတည်းက မြန်မာပြည်ကို ခြေမချဖူးကြဘူး၊ တချို့ဆို ဘယ်တုန်းကမှတောင် ရောက်ဖူးရဲ့လားမသိဘူး။ ဒါပေမယ့် သူတို့စကားဆိုရင် အဟုတ်ကြီးမှတ်ပြီး ကိုးကားနေကြတာ။ တကယ်တမ်းတော့ သူတို့က မြန်မာပြည်ရဲ့ လက်တွေ့အခြေအနေနဲ့ အတော်ကြီးကို ကင်းကွာနေကြပြီလေ။ သုံးသပ်ချက်တွေပေးနေတယ်သာဆိုတယ်၊ တကယ်က သူတို့လိုချင်တဲ့ ပုံစံခွက်ထဲ အတင်းထည့်ပြောနေတာပဲ။ ပြီးတော့ သူတို့ကို ပိုက်ဆံပေးထားတဲ့ အလှူရှင်တွေကြားချင်တာကို ပြောပေးနေရသလို၊ အဖြေရှာဖို့ထက် ပြဿနာဖြစ်နေမှ ထမင်းစားရမယ့် "သတင်းတု" (Fake News) တွေအပေါ်မှာပဲ မှီခိုနေကြတာကိုး။

### ကီးဘုတ် ပညာရှင်များ

ပထမဆုံးနဲ့ အသိသာဆုံး ပြဿနာကတော့ ဒီသုံးသပ်သူတွေက အဝေးကြီးမှာရှိနေတာပဲ။ Reuters သတင်းမှာ ကိုးကားထားတဲ့ "လေ့လာသူတွေနဲ့ သံတမန်တွေ" ဆိုတာ ရန်ကုန်နဲ့ နေပြည်တော်ကလေကို မရှူရတာ နှစ်နဲ့ချီနေလောက်ပြီ။

သူတို့ပြောတာတွေကို ဖတ်ကြည့်လိုက်ရင် လက်ပ်တော့ (Laptop) မျက်နှာပြင်ကနေတစ်ဆင့် မြန်မာပြည်ကို ကြည့်နေရတဲ့ လူတွေရဲ့ စကားမှန်းသိသာလွန်းတယ်။ သူတို့က နိုင်ငံခြားမှာ၊ အနောက်နိုင်ငံ မြို့ကြီးတွေမှာ ဇိမ်ကျကျနေထိုင်ပြီး မြန်မာပြည်ကို ပိတ်ဆို့အရေးယူထားတဲ့ နိုင်ငံတွေရဲ့ လုံခြုံမှုအောက်မှာ နေနေကြတာလေ။ ဒီလိုနေရာကနေထိုင်ကြည့်ပြီး အစိုးရရဲ့ လမ်းပြမြေပုံကို ဝေဖန်ဖို့က လွယ်တာပေါ့။ ကိုယ်တိုင်က စစ်ပွဲတွေ၊ စီးပွားရေးကျပ်တည်းမှုတွေနဲ့ ရင်ဆိုင်နေရတာမှ မဟုတ်ဘဲ၊ ရွေးကောက်ပွဲကို **"ဟန်ပြ"** လို့ ပြောရတာ လွယ်တာပေါ့ဗျာ။

ဒီပညာရှင်တွေက **"မဖြစ်နိုင်ဘူး"** လို့ ပြောကြတာက မြန်မာပြည်ရဲ့ နိုင်ငံရေးလက်တွေ့အခြေအနေကို မကြည့်ဘဲ အနောက်နိုင်ငံ စံနှုန်းတွေနဲ့ တိုင်းတာနေလို့ပါ။ သာမန်ပြည်သူတွေအတွက်တော့ ဒီရွေးကောက်ပွဲဟာ ဘယ်လောက်ပဲ မပြည့်စုံဘူးပြောပြော၊ ဥပဒေဘောင်ထဲကို ပြန်ဝင်ဖို့နဲ့အရေးပေါ်ကာလကနေ အားလုံးရဲ့ထွက်ပေါက်တစ်ခုဆိုတာကို သူတို့မမြင်ကြဘူး။ ဒါကို လက်ခံဖို့ဆိုရင် ကိုယ်တိုင်ရှိနေဖို့နဲ့ လက်တွေ့အမြင်ရှိဖို့လိုတယ်၊ အဲ့ဒါတွေက ဒီကီးဘုတ်ပညာရှင်တွေမှာ မရှိဘူးလေ။

### "သတင်းတု" ပွဲတင်သံများ

ဒီပညာရှင်တွေမြန်မာပြည်ထဲမှာမရှိရင် သတင်းတွေ ဘယ်ကရသလဲ။ အဖြေက ရှင်းရှင်းလေး၊ ပြည်ပရောက် မီဒီယာတွေ၊ တက်ကြွလှုပ်ရှားသူ ခေါင်းစဉ်နဲ့ လှုပ်ရှားနေသူတွေနဲ့ အတိုက်အခံအဖွဲ့အစည်းတွေဆီက တစ်ဖက်သတ်သတင်းတွေကိုပဲ ပြန်ကြားနေရတာဗျ။ ဒီအဖွဲ့တွေက သူတို့နိုင်ငံရေးရပ်တည်ချက်နဲ့ သူတို့ရှိပေမယ့်၊ သူတို့ ပြောသမျှကို ဓမ္မဓိဋ္ဌာန်ကျတဲ့ **"သတင်းအစစ်"** လို့ ယူဆလိုက်ရင်တော့ မှားပြီပေါ့။

အနောက်တိုင်း သုံးသပ်ချက်တွေက တိုင်းပြည်ပျက်စီးတော့မယ့်ပုံစံပြောမှ ကြိုက်တာ။ တိုက်ပွဲလေး နည်းနည်းဖြစ်တာနဲ့ တပ်မတော်က အကြီးအကျယ် ရှုံးနေပြီ၊ ဆန္ဒပြပွဲလေး နည်းနည်းရှိတာနဲ့ တစ်နိုင်ငံလုံး တော်လှန်နေပြီဆိုပြီး ပုံကြီးချဲ့ကြတာ။ **"မဖြစ်နိုင်ဘူး"** ဆိုတဲ့ စကားလုံးက ဒီလိုရွေးချယ်ထားတဲ့ သတင်းတိုအစအနတွေကနေ ထွက်လာတာပါ။ တပ်မတော်က မြို့ကြီးတွေ၊ အုပ်ချုပ်ရေးယန္တရားတွေနဲ့ အာဏာကို ငါးနှစ်နီးပါး ထိန်းထားနိုင်တယ်ဆိုတဲ့ အချက်ကိုတော့ သူတို့မေ့ထားကြတယ်။ ပြိုလဲတော့မယ်လို့ ဟောကိန်းထုတ်နေတာ ကြာလှပြီ၊ အခုထိမပြိုလဲပါလား။

လေ့လာသူတွေက NUG နဲ့ သူတို့ အပေါင်းအပါတွေရဲ့ စကားတွေကိုပဲ ပြန်ရွတ်နေကြတာပါ။ မြေပြင်အခြေအနေကို သူတို့ကိုယ်တိုင်မှ မစစ်ဆေးနိုင်တာ။ နိုင်ငံခြားအထောက်အပံ့တွေဆက်ရဖို့ ဖန်တီးထားတဲ့ ဇာတ်လမ်းတွေကိုပဲ နားထောင်ပြီး ပြန်ပြောနေကြတာ။ စစ်ပန်းပြီး တည်ငြိမ်မှုလိုချင်နေတဲ့၊ မဲသွားပေးဖို့ အဆင်သင့်ဖြစ်နေတဲ့ တကယ့်ပြည်သူအများစုရဲ့ ဆန္ဒကိုတော့ သူတို့ ထည့်မပြောကြဘူး။ ပိုက်ဆံမျက်နှာကြည့်တဲ့ အလှူရှင်အလိုကျ သုံးသပ်ချက်များ၊ ခပ်ရှင်းရှင်းပြောရရင် **"ဘယ်သူ အကျိုးရှိသလဲ"** ဆိုတာ မေးဖို့လိုတယ်။

မြန်မာ့အရေး **"ကျွမ်းကျင်သူ"** ဆိုတဲ့ လောကကြီးက အနောက်နိုင်ငံအစိုးရတွေနဲ့ ဖောင်ဒေးရှင်းတွေရဲ့ ပိုက်ဆံနဲ့လည်ပတ်နေတာ။ သူတို့မှာက နိုင်ငံရေး ရည်ရွယ်ချက်တွေ ရှိနေကြတယ်ဗျ။

တကယ်လို့များ သုံးသပ်သူတစ်ယောက်က "စစ်ကောင်စီရဲ့ ရွေးကောက်ပွဲက အောင်မြင်နိုင်တယ်"၊ "တပ်မတော်ကပဲ တိုင်းပြည်မပြိုကွဲအောင် ထိန်းထားနိုင်တယ်" လို့များသွားရေးကြည့်ပါလား၊ အထောက်အပံ့ (Grant)တွေ ဖြတ်ခံရမှာ သေချာတယ်။ "တိုင်းပြည် ပျက်တော့မယ်" ဆိုတဲ့ ဟောကိန်းတွေကမှ ဈေးကောင်းရတာလေ။ ဒါမှလည်း ဥရောပနဲ့ အနောက်အုပ်စုက ပိတ်ဆို့မှုတွေလုပ်ရတာ မှန်တယ်ဆိုပြီးဖြစ်မှာကိုး။ "ရွေးကောက်ပွဲအဆင့် လိုက်ကျင်းပတာက နယ်မြေလုံခြုံရေးအရ ပိုကောင်းတယ်"လို့များသွားပြောရင် "တပ်မတော်ရဲ့ ဘက်တော်သား" ဆိုပြီး တံဆိပ်ကပ်ခံရဦးမယ်။

ဒါကြောင့် သုံးသပ်ချက်တွေက ပရိသတ်ကြိုက်အောင်ရေးရတာ။ အလှူရှင်တွေ သဘောကျအောင်ရေးရတာ။ သူတို့ရဲ့နိုင်ငံခြားရေးဝန်ကြီးဌာနတွေ ကြားချင်တာကို ပြောပြနေရတာ – "ခင်ဗျားတို့ ဖိအားပေးတာ ထိရောက်တယ်၊ တပ်က အားနည်းနေပြီ၊ ဒီမိုကရေစီသမားတွေ နိုင်တော့မယ်" ပေါ့။ ဒါက သုံးသပ်ချက်စစ်စစ် မဟုတ်ဘူးဗျ၊ ပညာရှင်လိုလို ဘာလိုလိုနဲ့ ပိုက်ဆံယူပြီး ဝါဒဖြန့်နေတာ။

### မြေပြင်က လက်တွေ့အခြေအနေ

Reuters ခေါင်းစဉ်မှာ ပြောထားသလို **"မဖြစ်နိုင်ဘူး"** ဆိုတာနဲ့ ဆန့်ကျင်ဘက်ပါပဲ။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလရွေးကောက်ပွဲအခြေအနေက တော်တော်လေးခိုင်မာပါတယ်။ မြို့နယ် ၁၀၂ မြို့နယ်ကနေ စပြီး အဆင့်လိုက် ကျင်းပမယ်ဆိုတာ အားနည်းလို့ မဟုတ်ဘူး၊ လက်တွေ့ကျကျ စဉ်းစားလို့လုပ်တာ။ လုံခြုံရေး အခြေအနေအရ လုပ်နိုင်သလောက် လုပ်ပြီး နိုင်ငံရေးလမ်းကြောင်းကို ရှေ့ဆက်တာလေ။

ပြီးတော့ ဒီပညာရှင်တွေ ပြောပြောနေတဲ့ **"နိုင်ငံတကာက ဝိုင်းပယ်ထားတယ်"** ဆိုတာလည်း ဒဏ္ဍာရီပါပဲ။ အနောက်နိုင်ငံတွေက အော်နေပေမယ့် မြန်မာ့အိမ်နီးချင်းတွေကတော့ ဆက်ဆံနေတာပဲ။ တရုတ်၊ ရုရှား၊ အိန္ဒိယဆိုတဲ့ နိုင်ငံတွေက မြန်မာ့အရေးအတွက် တကယ်အရေးပါတဲ့ နိုင်ငံတွေလေ၊ သူတို့က ရွေးကောက်ပွဲကိုထောက်ခံတယ်။ တပ်မတော်ကဦးဆောင်ကျင်းပပေးမယ့် အရပ်သားအစိုးရအပြောင်းအလဲဆိုတာ ဒီဒေသမှာ တည်ငြိမ်ဖို့အတွက် ပုံမှန်လုပ်နေကျ နည်းလမ်းပဲဆိုတာ သူတို့နားလည်တယ်။ အနောက်နိုင်ငံတွေ အသိအမှတ်ပြုမှ အောင်မြင်မယ်လို့ ယူဆထားရင်တော့ အဲဒီ **"မဖြစ်နိုင်ဘူး"** ဆိုတဲ့ ခတ်ပြားပြားဟောင်းကြီးပဲ ထပ်ဖွင့်နေမိမှာပဲ။

မဲစာရင်းတွေလည်း ထွက်ပြီ၊ မဲပေးစက် (MEVM) တွေလည်း အဆင်သင့်ပဲ (ဒါကို ဝေဖန်သူတွေက မပြောချင်ကြဘူး)၊ ပါတီတွေလည်း မဲဆွယ်နေပြီ။ ရန်ကုန်၊ မန္တလေး၊ ရောဝတီလို လုံခြုံတဲ့နေရာက သန်းချီတဲ့ ပြည်သူတွေအတွက်တော့ မဲပုံးဆိုတာ သေနတ်ထက်စာရင် ပိုကောင်းတဲ့ ထွက်ပေါက်ပါပဲ။

### နိဂုံး

Reuters ဆောင်းပါးမှာ ပါတဲ့ **"ကျွမ်းကျင်သူ"** တွေကတော့ အစိုးရသစ်ဖွဲ့ပြီး လွှတ်တော် စခေါ်တဲ့အထိ ပြိုလဲတော့မယ်လို့ ဟောကိန်းထုတ်နေကြဦးမှာပဲ။ **"ဟန်ပြ"** လို့ ပြောမယ်၊ သတင်းတုတွေ ကိုးကားမယ်၊ ပြီးရင် အလှူရှင်တွေဆီက ပိုက်ဆံထုတ်ကြမယ်။

ဒါပေမယ့် သမိုင်းဆိုတာ လက်တွေ့ပါဝင်ပတ်သက်သူတွေက ရေးတာဗျ။ ဒီဇင်ဘာလ ၂၈ ရက်နေ့မှာတန်းစီပြီး မဲပေးကြမယ့် မြန်မာပြည်သူတွေကသာ တကယ့်အကဲဖြတ်သူတွေပါ။ သူတို့ မဲပေးတာ လန်ဒန်က သုတေသီတစ်ယောက်ယောက် သဘောကျဖို့မဟုတ်ဘူး။ သူတို့ရဲ့ အနာဂတ်၊ သူတို့ရဲ့တည်ငြိမ်မှုနဲ့ သူတို့ကိုယ်တိုင် သတ်မှတ်တဲ့ ဒီမိုကရေစီအတွက် မဲပေးကြမှာ။ မျှော်စင်ပေါ်က အသံတွေကို နားထောင်နေတာရပ်ပြီး မြေပြင်က ခက်ခဲကြမ်းတမ်းတဲ့ လက်တွေ့ဘဝတွေကို ကြည့်ဖို့ အချိန်တန်ပါပြီ။ နိုင်ငံခြားကဝေဖန်ရုံနဲ့ လည်ပတ်နေတဲ့ ယန္တရားကြီး ရပ်သွားမယ်လို့ ထင်နေတဲ့ သူတွေအတွက် ခင်ဗျားတို့ပြောတဲ့ **"မဖြစ်နိုင်ဘူး"** ဆိုတာ မဖြစ်နိုင်ဘူးဗျာလို့ ပြောချင်တယ်။ ခင်ဗျားတို့ ဝေဖန်လေကန်နေတဲ့ကြားထဲကပဲ ရွေးကောက်ပွဲကြီးနဲ့ အစီအစဉ်အဆင့်ဆင့် က ဖြစ်မြောက်သွားမှာပဲလို့ ကျုပ်ပြောချင်တယ်။ ကဲ ... လောင်းရဲရင် လောင်းမလား။

**(မူရင်းဆောင်းပါး https://www.reuters.com/world/asia-pacific/ myanmar-juntas-shift-battlefield-ballots-faces-long-odds-2025-12-24/)**

❖ **အနောက်တိုင်း သုံးသပ်ချက်တွေက တိုင်းပြည်ပျက်စီးတော့မယ့်ပုံစံ ပြောမှကြိုက်တာ။ တိုက်ပွဲလေးနည်းနည်းဖြစ်တာနဲ့ တပ်မတော်က အကြီးအကျယ်ရှုံးနေပြီ၊ ဆန္ဒပြပွဲလေးနည်းနည်းရှိတာနဲ့ တစ်နိုင်ငံလုံး တော်လှန်နေပြီဆိုပြီး ပုံကြီးချဲ့ကြတာ။ "မဖြစ်နိုင်ဘူး" ဆိုတဲ့ စကားလုံးက ဒီလိုရွေးချယ်ထားတဲ့ သတင်းတိုအစအနတွေကနေ ထွက်လာတာပါ။ တပ်မတော်က မြို့ကြီးတွေ၊ အုပ်ချုပ်ရေးယန္တရားတွေနဲ့ အာဏာကို ငါးနှစ်နီးပါး ထိန်းထားနိုင်တယ်ဆိုတဲ့အချက်ကိုတော့ သူတို့မေ့ထားကြတယ်။ ပြိုလဲတော့မယ်လို့ ဟောကိန်းထုတ်နေတာ ကြာလှပြီ၊ အခုထိ မပြိုလဲပါလား။**

**သမိုင်းဆိုတာ လက်တွေ့ပါဝင်ပတ်သက်သူတွေက ရေးတာဗျ။ ဒီဇင်ဘာလ ၂၈ ရက်နေ့မှာတန်းစီပြီး မဲပေးကြမယ့် မြန်မာပြည်သူတွေကသာ တကယ့်အကဲဖြတ်သူတွေပါ။ သူတို့ မဲပေးတာ လန်ဒန်က သုတေသီတစ်ယောက်ယောက် သဘောကျဖို့မဟုတ်ဘူး။ သူတို့ရဲ့ အနာဂတ်၊ သူတို့ရဲ့တည်ငြိမ်မှုနဲ့ သူတို့ကိုယ်တိုင်သတ်မှတ်တဲ့ ဒီမိုကရေစီအတွက် မဲပေးကြမှာ။ မျှော်စင်ပေါ်က အသံတွေကို နားထောင်နေတာရပ်ပြီး မြေပြင်က ခက်ခဲကြမ်းတမ်းတဲ့ လက်တွေ့ဘဝတွေကို ကြည့်ဖို့ အချိန်တန်ပါပြီ။ နိုင်ငံခြားကဝေဖန်ရုံနဲ့ လည်ပတ်နေတဲ့ ယန္တရားကြီးရပ်သွားမယ်လို့ ထင်နေတဲ့သူတွေအတွက် ခင်ဗျားတို့ပြောတဲ့ "မဖြစ်နိုင်ဘူး" ဆိုတာ မဖြစ်နိုင်ဘူးဗျာလို့ ပြောချင်တယ်။**

# ဘားအံမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံနှင့်အဆင့်မြင့်မော်တာအပ်ချုပ်စက်သင်တန်းဆင်း

**ဘားအံ ဒီဇင်ဘာ ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖွင့်လှစ်သည့် အခြေခံနှင့် အဆင့်မြင့် မော်တာအပ်ချုပ်စက်သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ အဆိုပါဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို အပ်ချုပ်စက်တစ်လုံးစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်တစ်ပိုင် လုပ်ကိုင်စားသောက်နိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြစိမ်းရောင်စီမံကိန်းချေးငွေများ ပေးခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေး စတင်ဆောင်ရွက်နိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အိမ်တွင်းမှုအတတ်ပညာဖြင့် မိသားစုဝင်ငွေရရှိရေး လုပ်ကိုင်ပြီး ဌာနအသီးသီးမှ ဆောင်ရွက်လျက်ရှိသော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား အပ်ချုပ်စက်တစ်လုံးစီနှင့် ဆက်စပ်ပစ္စည်းများ ချီးမြှင့်ပေးအပ်ကြသည်။ ယင်းနောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက သင်တန်းဆင်းအောင်လက်မှတ်များကိုပေးအပ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက သင်တန်းနည်းပြဆရာမအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

သင်တန်းဆင်းပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် သင်တန်းခန်းမအတွင်း သင်တန်းသူများ ကိုယ်တိုင်ချုပ်လုပ်ထားသော သင်တန်းဆင်းလက်ရာများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။




**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်သူတို့အကျိုး သယ်ပိုးရွက်ဆောင်နိုင်သော နည်းပညာရှင်လူငယ်ကောင်းများဖြစ်စေရေး ရည်မှန်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းက အင်းစိန်မြို့နယ် JMASVTI ပင်မဆောင် မြေညီထပ်ရှိစာကြည့်တိုက်၊ စုဝေးခန်းမ၊ လျှပ်စစ်အလုပ်ရုံ၊ ပထမထပ်ရှိ စာသင်ခန်းများ၊ ပုံဆွဲခန်း၊ သိပ္ပံလက်တွေ့ဓာတ်ခွဲခန်း၊ ကွန်ပျူတာခန်းနှင့် တိုင်းတာရေးအလုပ်ရုံ၊ ပင်မဆောင်အပြင်ဘက်ရှိ ရေသိုလှောင်ကန်နှင့် ကန်တင်းဆောက်လုပ်ဆဲနေရာ၊ Automotive Technology Workshop တို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီး ဒေါက်တာရန်နိုင်ထွန်း၏ ရှင်းလင်းတင်ပြမှုများအပေါ် ဒေသတွင်း MSMEs များနှင့် မော်တော်ယာဉ်နည်းပညာ ဖွံ့ဖြိုးရေးအတွက် ဆက်စပ်ဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ လက်တွေ့ကျကျ ဖန်တီးနိုင်ရေးအတွက် စံနှုန်းများ ပြည့်မီရန်အပြင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ပုံမှန်နှင့် ကာလတို သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်သွားရန် တိုက်တွန်းမှာကြားခဲ့သည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ရတနာဂဟေဆက်နည်းပညာ သင်တန်းကျောင်း၌ ဂဟေဆက် နည်းပညာသင်တန်းများအလိုက် သင်တန်းသားများ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ **(အပေါ်ပုံ)** ပြည်တွင်း-ပြည်ပ လုပ်ငန်းခွင်များနှင့် ကိုက်ညီမှုရှိသော ဂဟေဆက်နည်းပညာရပ်ကို အမှန်တကယ် တတ်မြောက်စေရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထားဆောင်ရွက်တတ်စေသော အလေ့အကျင့်ကောင်းများကို ပျိုးထောင်ပေးရန်၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားခဲ့သည်။

ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးသည် သန်လျင်မြို့နယ်ရှိ နည်းပညာတက္ကသိုလ်(သန်လျင်) အစည်းအဝေးခန်း၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများနှင့်တွေ့ဆုံပြီး သီလဝါအထူးစီးပွားရေးဇုန်နှင့် MSME ဖွံ့ဖြိုးရေး နည်းပညာ လိုအပ်ချက်များကို လက်တွေ့ကျကျ ပံ့ပိုးပေးနိုင်ရေးအတွက် University–Industry Collaboration မြှင့်တင် ဆောင်ရွက်ရင်း Ranking မြင့် နည်းပညာတက္ကသိုလ်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ကျောင်းသားများကို ဗလငါးတန်နှင့် ပြည့်စုံရေး၊ အင်ဂျင်နီယာကောင်း၏ အရည်အချင်းများပြည့်ဝစေရေး အလေးထားပျိုးထောင်ပေးရန် လိုအပ်ကြောင်းတိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စုဝေးခန်းမ၌ ကျောင်းသားကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး နိုင်ငံ့အကျိုးပြုလုပ်ငန်းများ၌ အထောက်အကူပြုပါဝင်ဆောင်ရွက်နိုင်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး အမှန်တကယ်အားထားရသော အင်ဂျင်နီယာလူငယ်ကောင်းများ ဖြစ်စေရေး ရည်မှန်းလျက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကာ တာဝန်ရှိသူများထံ ဂုဏ်ပြုလက်ဆောင်များ၊ ကျောင်းသားကျောင်းသူများထံ နည်းပညာ၊ သုတ၊ ရသစာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်ခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်သူများ၏ လူမှုဘဝမြင့်မားရေးကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် သီလဝါအထူးစီးပွားရေးဇုန်နှင့် MSME ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် နည်းပညာများကို ဖြန့်ဝေပေးနိုင်ရေးနှင့် ကျွမ်းကျင် နည်းပညာရှင်များကို သတ်မှတ်စံနှုန်းများအတိုင်း စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်ရန် တိုက်တွန်းမှာကြားကာ ဝန်ထမ်းများ၏ အခက်အခဲတင်ပြမှုများအပေါ် ဖြေရှင်းဖြည့်ဆည်းပေးခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စာကြည့်တိုက်နှင့် လက်တွေ့ခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ စာသင်ခန်းများတွင် အင်ဂျင်နီယာဘာသာရပ်အလိုက် စာသင်နှစ်အလိုက် ရှင်လန်းချမ်းမြေ့စွာ သင်ကြားနေသော ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး၍ ကျောင်းသား ကျောင်းသူများအတွက် နည်းပညာ၊ သုတ၊ ရသစာအုပ်များနှင့် အားကစားပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပျော်ဘွယ်မြို့နယ် ကျူတောဝကျေးရွာအနီး ချောင်းကူးတံတားတည်ဆောက်မှု ကွင်းဆင်းစစ်ဆေး

**ပျော်ဘွယ် ဒီဇင်ဘာ ၂၅**

ပျော်ဘွယ်-ဘုရားငါးဆူကားလမ်းနှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျူတောဝ-တဲကြီး ကုန်းကျေးရွာတို့အား ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် လမ်းပေါ်ရှိ ချောင်းကူးကွန်ကရစ် တံတား တည်ဆောက်နေမှုအား ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီး ဌာနမှ တာဝန်ရှိသူများက ဒီဇင်ဘာ ၂၄ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးလှခိုင်နှင့် မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းတို့က တံတားတည်ဆောက်ရာတွင် အရည်အသွေးပြည့်ဝစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးတို့ကို ဆွေးနွေးပြီး ရမည်းသင်းခရိုင်လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ)ဒေါ်လင်း၊ ပျော်ဘွယ်မြို့နယ် ဦးစီးအရာရှိ(မြို့ပြ)ဒေါ်သွယ်ဇင်ဦးတို့က လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ တံတားသည် ကွန်ကရစ် အမျိုးအစားဖြစ်ပြီး တံတားအရှည်ပေ ၅၀၊ အကျယ်ပေ ၂၀ ကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း(ဖြည့်စွက်) ရန်ပုံငွေဖြင့် ဆောက်လုပ်နေခြင်းဖြစ်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက်နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ**

# ဒုတိယဝန်ကြီး ဦးထိန်လင်း (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်မည့် ယဉ်ကျေးမှုအဖွဲ့များအား ဧည့်ခံကျွေးမွေးမည့် စားရိပ်သာပြုပြင်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၅**

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်ဧည့်ရိပ်သာ အတွင်းရှိ ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုအဖွဲ့များအား ဧည့်ခံကျွေးမွေးမည့် စားရိပ်သာပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေးကိစ္စရပ်များနှင့် နေထိုင်စားသောက်မှုများ အဆင်ပြေချောမွေ့စေရေး အတွက် ဧည့်ခံကျွေးမွေးမည့် ရိပ်သာ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ အစားအသောက်များ ကျွေးမွေးရန် ချက်ပြုတ်ပြင်ဆင်မည့်နေရာ၊ ဟင်းသီးဟင်းရွက်များနှင့် ကုန်ခြောက်များ သိုလှောင်သိမ်းဆည်းထားရှိမည့် နေရာများကိုကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ပြင်ဆင်ဆောင်ရွက်မှုများတွင် လစ်ဟင်းမှုများမရှိစေရန် အထူးဂရုစိုက် ဆောင်ရွက်သွားရန်၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ မဖြစ်ပွားအောင် ချက်ပြုတ်မည့် နေရာများအား စနစ်တကျ သန့်သန့်ရှင်းရှင်း ထားရှိသွားရန်နှင့် အဝင်လမ်းတစ်လျှောက် အလံတိုင်စိုက်ထူခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ အသိပေးနှိုးဆော်

**ကျိုက်ထို ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲနှင့် ပတ်သက်၍ မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည် နိုင်ရန်အတွက် အသိပေး နှိုးဆော်ခြင်းကို မြို့နယ်အတွင်း ရှိ ရွေးကောက်ပွဲ ကျင်းပမည့် ရပ်ကွက်၊ ကျေးရွာများ၌ ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက စတင် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအသိပေးနှိုးဆော်ချက်၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ပြင်ဆင်ဖြည့်စွက်စိစစ်ပြီး မဲစာရင်းများကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများ တွင် လည်းကောင်း၊ ဒီဇင်ဘာ ၂၆ ရက်မှစ၍ ရွေးကောက်ပွဲ ကျင်းပမည့် ဒီဇင်ဘာ ၂၈ ရက် မဲပေးခြင်း ပြီးစီးသည့်အချိန်အထိ သက်ဆိုင်ရာမဲရုံများတွင် လည်း ကောင်း၊ ကပ်ထားကြေညာမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်မည့်နေ့တွင် မဲရုံသို့ သွားရောက် မဲမပေးနိုင်သည့် သက်ကြီးရွယ်အိုများ၊ နာမကျန်းဖြစ်နေသူများ၊ အနာကြီးရောဂါ စွဲကပ်နေသူများ၊ သားဖွားနေသူများအနေဖြင့် ကြိုတင်မဲပေးနိုင်ရန်အတွက် ပုံစံ-၁၃ ဖြင့် လျှောက်ထားနိုင်ပြီး ဒီဇင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ကြိုတင်ဆန္ဒမဲ ပေးနိုင်ကြောင်းနှင့် ကြေညာထားသောမဲစာရင်းများရှိ မိမိတို့၏ မဲစာရင်းအမှတ်စဉ်များကို မှတ်သားထားပြီး ဒီဇင်ဘာ ၂၈ ရက်တွင် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ သက်ဆိုင်ရာမဲရုံများသို့ သွားရောက်ဆန္ဒမဲပေးကြရန် အသိပေးနှိုးဆော်ကြောင်း သိရသည်။



**ကျိုက်ထို(ပြန်/ဆက်)**

# အလုံမြို့နယ်၌ ဒို့အတူတူမဲပေးကြမယ် ရွေးကောက်ပွဲ လှုံ့ဆော်ရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ရောဝတီရပ်ကွက်များရှိ လူစည်ကားရာ နေရာများ၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား နိုင်ငံသူ/နိုင်ငံသား အားလုံးပါဝင်မဲပေးနိုင်ရေးအတွက် ဒို့အတူတူမဲပေးကြမယ်ရွေးကောက်ပွဲလှုံ့ဆော်ရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့သည်။

ထိုသို့ ရွေးကောက်ပွဲလှုံ့ဆော်ရေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း အသိပညာပေးခြင်းကို အလုံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက “ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သောအနာဂတ်ဆီသို့”၊ “လှမ်းစို့တူညီမဲရုံဆီ ဒီမိုကရေစီ ဖော်ဆောင်မည်”၊ “ဒီမိုကရေစီခိုင်မြဲဖို့ မဲရုံသွားပြီးမဲပေးစို့” စာသားပါ မြေစိုက်နံရံကပ်ပြဘုတ်များနှင့် “ဒို့အတူတူ မဲပေးကြမယ်” စာသားပါ ရွေးကောက်ပွဲလှုံ့ဆော်ရေး လက်ကမ်းစာစောင်များအား ရပ်ကွက်နေပြည်သူများ၊ လမ်းသွားလမ်းလာပြည်သူများ၊ ဈေးဆိုင်များ၊ YBS နှင့် Taxi ယာဉ်များပေါ်ရှိ ခရီးသည်ပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ယောရော(ပြန်/ဆက်)**



# ခနောင်ဖြူမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းကျေးရွာများအား ကျေးရွာအဆင့် စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်



**ခနောင်ဖြူ ဒီဇင်ဘာ ၂၅**

ရောဝတီတိုင်းဒေသကြီး ခနောင်ဖြူ မြို့နယ်၌ မြစိမ်းရောင်စီမံကိန်း ကျေးရွာများအား ကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်းနှင့် ငွေစာရင်း ထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး မြစိမ်းရောင်ကျေးရွာ စီမံကိန်း ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ခနောင်ဖြူမြို့နယ် လမန်းကျေးရွာအုပ်စု ကျုံပိုင်းကျေးရွာမှ ကျေးရွာ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များအား ကျေးရွာ အဆင့် စီမံခန့်ခွဲမှုနှင့် ငွေစာရင်း ထိန်းသိမ်းနည်းသင်တန်း ပို့ချခြင်းဖြစ်ပြီး ကျေးရွာမြစိမ်းရောင် စီမံကိန်းလုပ်ငန်းအဖွဲ့ ကိုးဦးအား ကျေးလက်ဦးစီးဌာနရှိ စီမံကိန်း တာဝန်ခံ၊ဝန်ထမ်းများကသင်တန်း ပို့ချပေးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပြည်သူများ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရန် Voter Slip များ တစ်အိမ်တက်ဆင်းဖြန့်ဝေ

**ကျိုက်မရော ဒီဇင်ဘာ ၂၅**

ကျိုက်မရောမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကျင်းပရာတွင် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူမဲဆန္ဒရှင်ပြည်သူများအား မဲရုံသို့ သွားရောက်၍ ဆန္ဒမဲပေးရာတွင် ဆန္ဒမဲအမှတ်စဉ်များ အလွယ်တကူသိရှိပြီး အချိန်တိုအတွင်း အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရန်ရည်ရွယ်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ မဲစာရင်းအမှတ်စဉ် Voter Slip များကို တစ်အိမ်တက်ဆင်း လိုက်လံဖြန့်ဝေပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျိုက်မရောမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက မြို့ပေါ်လေးရပ်ကွက်နှင့် ကျေးရွာများတွင် Voter Slip များအား တစ်အိမ်တက်ဆင်း လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်(မွန်ပြည်နယ်တာဝန်ခံ) ကျိုက်မရော၊ မော်လမြိုင်နှင့် ချောင်းဆုံမြို့နယ်တို့၌ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းကြည့်ရှု

**ကျိုက်မရော ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွင်း တာဝန်ထမ်းဆောင်ကြမည့် သက်ဆိုင်ရာတာဝန်ရှိသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို ဒီဇင်ဘာ ၁၈ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးကိုကိုလွင် (မွန်ပြည်နယ်တာဝန်ခံ)နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။(ယာပုံ)



ဦးစွာ ရှင်စောပုရပ်ကွက်၊ ရန်မျိုးအောင်ရပ်ကွက်နှင့် ဘိန်းဖျောကျေးရွာအုပ်စုတို့၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုသည်။ ထို့နောက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်စိုးဦးနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျိုက်မရောမြို့နယ်အတွင်း၌ အသက် ၁၈နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၅၄၈၄၅ ဦး ရှိပြီး မဲရုံပေါင်း ၂၈ ရုံ ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းကလည်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (မွန်ပြည်နယ်တာဝန်ခံ)သည် မော်လမြိုင်မြို့နယ်၌ ရွေးကောက်ပွဲ တာဝန်ထမ်းဆောင်မည့်သူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြိုတင်ဆန္ဒမဲပေးနေမှုနှင့် မဲရုံပြင်ဆင်ထားရှိမှု အခြေအနေများ လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့မွန်းလွဲပိုင်းတွင် ချောင်းဆုံမြို့နယ်အတွင်းရှိ သင်္ကောကျေးရွာ၊ ခရိုက်သစ်ကျေးရွာနှင့် တိုးချဲ့ရပ်ကွက်တို့၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ ကျေးရွာကော်မရှင်အဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ချောင်းဆုံမြို့နယ်အတွင်း၌ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၁၇၀၃၁ ဦးရှိပြီး မဲရုံပေါင်း ၇၃ ရုံရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**မြန်မာ့အလင်း**

## ဒုတိယဝန်ကြီး ဦးအောင်မြိုင် သာစည်-ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်း၊ တောင်ကြီး-ထီးသိမ်-ပေါ်မူ ရထားလမ်းပိုင်းနှင့် ပင်းပက် - နောင်ကားလမ်းခွဲ ရထားလမ်းပိုင်းအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံ အရာရှိများနှင့်အတူ ဒီဇင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ သာစည် - ရွှေညောင် - တောင်ကြီး ရထားလမ်းပိုင်းရှိ သာစည်၊ လှိုင်းတက်၊ ဘုရားငါးဆူ၊ ယင်းမာပင်၊ ကလော၊ ကမ်းနားနှင့် ဟဲဟိုး ဘူတာများအခြေအနေ၊ ကလော- ဆင်တောင် - မြင်းဒိုက် ဘူတာကြားရှိ ရထားလမ်းပိုင်းနှင့် ကမ်းပါးနှီဥမင် အဝင်/ အထွက်နေရာများ၊ တောင်ကြီး - ထီးသိမ်- ပေါ်မူ ရထားလမ်းပိုင်းရှိ Great Wall ဖို့မြေ တာပေါင်နေရာနှင့် ကျောက်စီရေဆင်းမြောင်း ဆောင်ရွက်ထားမှု အခြေအနေ၊ ပင်းပက် - နောင်ကားလမ်းခွဲ ရထားလမ်းပိုင်းနှင့် ရထားလမ်းတံတားများ၏ အခြေအနေ၊ ရွှေညောင်ဘူတာနှင့် ကွန်ကရစ်ဇလီဖားစက်ရုံ(ရွှေညောင်) တို့၏ အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် သာစည် - ရွှေညောင် - တောင်ကြီး ရထားလမ်းပိုင်းရှိ သာစည်ဘူတာ အသစ်ပြန်လည်တည်ဆောက်မည့်နေရာအား ကြည့်ရှုစစ်ဆေးပြီး သာစည်ဘူတာသည် ဘူတာကြီး ဖြစ်သည့်အတွက် အသစ်ပြန်လည် တည်ဆောက်ရာ၌ သတ်မှတ်ပလက်ဖောင်း အကျယ်ရရှိအောင်ဆောင်ရွက်ရန်၊ ခရီးသွားပြည်သူများ အဆင်ပြေစေရန်နှင့် ယာဉ်ရပ်နားရန်နေရာများ စနစ်တကျထည့်သွင်း တည်ဆောက်သွားရန် မှာကြားသည်။

ထို့နောက် လှိုင်းတက်၊ ဘုရားငါးဆူ၊ ယင်းမာပင်၊ ကလော၊ ကမ်းနားနှင့် ဟဲဟိုးဘူတာနှင့် ယာဒ်ဝင်းများကို စစ်ဆေးပြီး ဘူတာများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး ပုံမှန်ရှင်းလင်းဆောင်ရွက်ရန်၊ ဘူတာရှိ ပျက်စီးမှုများအား ဦးစားပေးအလိုက် ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကလော - မြင်းဒိုက် - ဆင်တောင် ဘူတာကြား ရထားလမ်းပိုင်းရှိ မြေထိန်းနံရံများ ပြန်လည်ပြုပြင်ထားရှိမှုကိုလည်းကောင်း၊ တောင်ကြီး - ထီးသိမ် - ပေါ်မူ ရထားလမ်းပိုင်းအား RGC ရထားဖြင့် လိုက်ပါစီးနင်း၍ Great Wall ဖို့မြေ တာပေါင်သစ် ဆောင်ရွက်ထားမှု၊ ကျောက်စီရေဆင်းမြောင်း ဆောင်ရွက်ထားရှိမှု၊ Gabion Basket ကျောက်စီမြေထိန်းနံရံနှင့် ရေမြောင်းများ၏ အခြေအနေ၊ ထီးသိမ်အဝိုင်းပတ် ရထားလမ်း တာပေါင် ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်ထားမှုနှင့် ထီးသိမ် အဝိုင်းပတ်တံတား (ဘဝသံသရာ) တို့၏ အခြေအနေကိုလည်းကောင်း စစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တောင်ကြီး- နောင်ကားလမ်းခွဲ - ပင်းပက် ရထားလမ်းပိုင်းအား RGC ရထားဖြင့် လိုက်ပါစီးနင်း၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အဆိုပါရထားလမ်းပိုင်းရှိ တံတားနှင့် တာပေါင်များ ထိန်းသိမ်းမှုအခြေအနေ၊ လမ်းပိုင်းအတွင်းရှိ တံတားနှင့် Box Culvert များ ရေရှည်ခိုင်ခံ့မှုရှိစေရေး စနစ်တကျစစ်ဆေးပြီး ထိန်းသိမ်း ဆောင်ရွက်ရန်နှင့် ရေမြောင်းများ (Side Drains) စနစ်တကျ ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ရွှေညောင် ဘူတာနှင့် ရွှေညောင်ကွန်ကရစ် ဇလီဖားစက်ရုံကို လည်းကောင်း၊ ရန်ကုန် - မန္တလေး ရထားလမ်းပိုင်း၊ စမုံ - သပြေတောင်း ဘူတာကြားရှိ တံတားအမှတ် - ၆၉၁ စမုံ တံတားသစ် တည်ဆောက်ရေးစီမံကိန်းနေရာကို လည်းကောင်း သွားရောက်စစ်ဆေးပြီး သတ်မှတ်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ ပြီးစီးအောင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထားဝယ်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်သရုပ်ပြမဲပေး

**ထားဝယ် ဒီဇင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်သရုပ်ပြ မဲပေးနေမှုကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ ထားဝယ်သူနာပြု သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



ထိုသို့ လက်တွေ့စမ်းသပ်မဲပေးနေမှုကို ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက သင်တန်းသား သင်တန်းသူများ၊ ကျောင်းသား ကျောင်းသူများ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက် တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ် စာရင်းပြုစုပုံ၊ မဲပေးစက်ကိုင်တွယ်ပုံ၊ လက်တွေ့စမ်းသပ်သရုပ်ပြမဲပေးပုံ၊ မဲရုံခင်းကျင်းပုံ စသည်တို့ကို ကြည့်ရှုအားပေးရာ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပေးသည်။

**ငွေဇင်ယော်(ထားဝယ်)**

■ *ကျော့ဖုံးမှ*

(၎င်းဒေသတန်ဖိုး ငွေကျပ် ၂၄၇၅ သိန်း) ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဘိန်းဖြူ ၁၄ ဒသမ ၃ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၃၅၇၅ သိန်း) ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိဘိန်းဖြူများကို ဖယ်ခုံမြို့နယ်နေ ကျော်ဦး (ဖမ်းဆီးရန်ကျန်)မှ မန္တလေးသို့ ပို့ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျော့ဖုံးမှ*

ဒီဇင်ဘာ ၂၉ ရက်တွင် ကင်မရွန်းအသင်းက အိုင်ဗရီကို့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲအဖြစ် ဒီဇင်ဘာ ၂၅ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အိုင်ဗရီကို့စ်နှင့် မိုဇမ်ဘစ်အသင်း ပွဲစဉ်တွင် အိုင်ဗရီကို့စ်အသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

# အမှီအခိုကင်းသည့် လက်နက်လုပ်ငန်းတည်ထောင်ရန် ဆယ်စုနှစ်အတွင်း ဒေါ်လာ ၁၁၀ ဘီလီယံ အစ္စရေးက ရင်းနှီးမြှုပ်နှံသွားမည်

**ဂျေရုဆလင် ဒီဇင်ဘာ ၂၅**

အမှီအခိုကင်းသည့် ပြည်တွင်းလက်နက်လုပ်ငန်းတည်ထောင်ရန်အတွက် အစ္စရေးနိုင်ငံက လာမည့် ဆယ်စုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၁၀ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံသွားမည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဒီဇင်ဘာ ၂၄ ရက်တွင် ပြောသည်။

လွန်ခဲ့သည့် သီတင်းပတ်အနည်းငယ်အတွင်း ပြည်တွင်း၌ အမေရိကန်ဒေါ်လာ ၁၁၀ ဘီလီယံတန်ဖိုးရှိ အမှီအခိုကင်းသည့် လက်နက်လုပ်ငန်းတည်ထောင်သွားရန် အတည်ပြုခဲ့သည်ဟု နေတန်ယာဟုက အစ္စရေးနိုင်ငံတောင်ပိုင်း ဟတ်ဇရမ် လေတပ်အခြေစိုက်စခန်းရှိ လေတပ်လေသူရဲများ ဘွဲ့ယူသည့်အခမ်းအနားတွင် ပြောကြားခဲ့သည်။

မဟာမိတ်များအပါအဝင် ပြည်ပမှ လက်နက်ထောက်ပံ့သူများကို မှီခိုနေရသည့် အခြေအနေလျှော့ချရန် အစ္စရေး၏ကြိုးပမ်းမှု အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ လက်နက်စနစ်သည် အနာဂတ်တိုက်ပွဲများတွင် အစ္စရေးနိုင်ငံအတွက် အခွင့်အရေးကောင်းများ အာမခံချက်ပေးနိုင်မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



အစ္စရေးနိုင်ငံတောင်ပိုင်း ဟတ်ဇရမ် လေတပ်အခြေစိုက်စခန်းရှိ လေတပ် လေသူရဲများ ဘွဲ့ယူသည့်အခမ်းအနားတွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု ဒီဇင်ဘာ ၂၄ ရက်က မိန့်ခွန်းပြောကြားစဉ်။

အရှေ့အလယ်ပိုင်းဒေသ ရှေ့တန်းစစ်မျက်နှာပြင်များတွင် အစ္စရေးတို့ ဆက်လက်တိုက်ခိုက်နေစဉ် ယခုကဲ့သို့ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးက နှစ်နှစ်ကြာ ထိုးစစ်ဆင်မှုများအတွင်း ဂျာမနီ၊ ဗြိတိန်၊ စပိန်နှင့်နယ်သာလန်တို့အပါအဝင် နိုင်ငံအများအပြားက အစ္စရေးနိုင်ငံအပေါ် လက်နက်တင်ပို့မှုကို ကန့်သတ်မှုများထားရှိခဲ့သည်။ **ဆင်ဟွာ**

# တန်ဇန်းနီးယား၌ ရဟတ်ယာဉ်ပျက်ကျမှုဖြစ်ပွား၊ ယာဉ်ပေါ်ပါငါးဦးလုံး သေဆုံး

**ဒါအက်စ်ဆလမ် ဒီဇင်ဘာ ၂၅**

အာဖရိက၏ အမြင့်ဆုံးတောင်ဖြစ်သည့် ကီလီမန်ဂျာရိုတောင်ရှိ ဘာရာဖုစခန်း၌ ဒီဇင်ဘာ ၂၄ ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွားရာ ငါးဦးသေဆုံးကြောင်း တန်ဇန်းနီးယားပြည်သူ့လေကြောင်း အာဏာပိုင်အဖွဲ့ (တီစီအေအေ) က ဒီဇင်ဘာ ၂၅ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ယာဉ်ပေါ်ပါငါးဦးလုံး သေဆုံးသွားကြောင်း အာဏာပိုင်များက အတည်ပြုထားသည်ဟု တီစီအေအေက ထုတ်ပြန်ချက်တွင် ပြောကြားသည်။ သေဆုံးသူများမှာ ချက်(Czech) ခရီးသွားနှစ်ဦး၊ ဇင်ဘာဘွေလေယာဉ်မှူးတစ်ဦး၊ တန်ဇန်းနီးယားဆေးဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးနှင့် တန်ဇန်းနီးယား တောင်တက်လမ်းညွှန်တစ်ဦးတို့ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဖော်ထုတ်ခဲ့သည်။



တန်ဇန်းနီးယား ကုမ္ပဏီတစ်ခုမှပိုင်သည့် Airbus H125 သည် ကျန်းမာရေး အခက်အခဲများကြုံတွေ့ရသည့် ချက်ခရီးသွားနှစ်ဦးကို ပြောင်းရွှေ့ပေးရန် ကယ်ဆယ်ရေးလုပ်ငန်း တစ်ခု ပြုလုပ်နေစဉ် ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ကီလီမန်ဂျာရိုဒေသဆိုင်ရာ ရဲမှူး ဆိုင်မွန် မိုင်ဂ်ဝက ပြောကြားသည်။

ရဟတ်ယာဉ် ပျက်ကျရသည့် အခြေအနေနှင့် အကြောင်းရင်းကို သိရှိရန် တရားဝင်စုံစမ်းစစ်ဆေးမှု ပြုလုပ်လျက်ရှိကြောင်း တီစီအေအေက ပြောကြားသည်။ တန်ဇန်းနီးယားနိုင်ငံ မြောက်ပိုင်း၌တည်ရှိသည့် ကီလီမန်ဂျာရိုတောင်သည် ကမ္ဘာတစ်ဝန်းမှ တောင်တက်သမားများနှင့်ခရီးသွားများအတွက် အဓိကနေရာတစ်ခုဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# စီးပွားရေးတည်ငြိမ်စေရန် ဆီးရီးယားငွေကြေးသစ် သုံးစွဲမည်

**ဒမတ်စကတ် ဒီဇင်ဘာ ၂၅**

စီးပွားရေးတည်ငြိမ်စေရန် ဆီးရီးယားနိုင်ငံသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ငွေကြေးသစ်တစ်မျိုးကို စတင်သုံးစွဲသွားမည်ဖြစ်ကြောင်း ဆီးရီးယားဗဟိုဘဏ်ဥက္ကဋ္ဌ အဗ္ဗဒူကာဒါဟူစ်ရိဒ်က ဒီဇင်ဘာ ၂၅ ရက်တွင် ကြေညာလိုက်သည်။

နိုင်ငံခေါင်းဆောင်က အဆိုပါလုပ်ငန်းစဉ်ကို ခွင့်ပြုပေးခဲ့ပြီး စနစ်တကျဖြင့် ထင်သာမြင်သာရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌက ပြောကြားလိုက်သည်။

အဆိုပါ ငွေကြေးသစ်သည် မိမိတို့၏ ဘဏ္ဍာရေး အချုပ်အခြာအာဏာနှင့် စီးပွားရေးပုံစံသစ်နှင့် ငွေကြေးဆိုင်ရာ အဆင့်သစ်တစ်ခု အစပြုခြင်း၏ သင်္ကေတဖြစ်သည်ဟု ၎င်းက ပြောသည်။

ညွှန်ကြားချက်များနှင့် ငွေလဲစင်တာများဆိုင်ရာ အသေးစိတ်အချက်အလက်များကို လာမည့်ရက်များတွင် ထုတ်ပြန်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ငွေကြေး ပြုပြင်ပြောင်းလဲမှုသည် ကာလရှည်ကြာ ပဋိပက္ခနှင့် နိုင်ငံတကာပိတ်ဆို့အရေးယူမှုများကြောင့်ဖြစ်ပွားခဲ့သော ဆီးရီးယားတွင် စီးပွားရေးမတည်ငြိမ်မှုကို ဖြေရှင်းရန် ပိုမိုကျယ်ပြန့်သော ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

**ဆင်ဟွာ**



# ကမ္ဘာတစ်ဝန်းလုံးမှ ကလေးများကို လက်ဆောင်များပေးရန် ဆန်တာကလော့စ် ဖင်လန်မှထွက်ခွာ

**ဟယ်လ်ဆင်ကီ ဒီဇင်ဘာ ၂၅**

ဆန်တာကလော့စ်သည် ကမ္ဘာတစ်ဝန်းလုံးရှိ ကလေးများကို လက်ဆောင်များပေးရန် ဖင်လန်မှထွက်ခွာလာခဲ့သည်။ ၎င်း၏ခရီးစဉ်သည် မွေးရပ်မြေဖြစ်သော အာတိတ်စက်ဝိုင်းပေါ်တွင် တည်ရှိသည့် ဖင်လန်နိုင်ငံမှ စတင်ခဲ့သည်။

ဗီဒီယိုရုပ်သံဖိုင်တစ်ခုတွင် ဆန်တာကလော့စ်သည် ကမ္ဘာတစ်ဝန်းရှိ ကလေးများထံမှ ရရှိခဲ့သောစာများကို ဖတ်ပြခြင်းဖြင့် လက်ဆောင်များပေးရန် ပြင်ဆင်လျက်ရှိသည်ကို တွေ့မြင်နိုင်သည်။ ဆန်တာကလော့စ်သည် ၎င်း၏ နှစ်စဉ်ခရစ္စမတ်ခရီးစဉ်ကို သမင်များဆွဲသည့် စွတ်ဖားလှည်းကြီးစီးပြီး စတင်လိုက်ပြီဖြစ်သည်။

ယခုခရစ္စမတ်တွင် မိမိတို့အားလုံးမှတ်ထားရန်မှာ မိမိတို့တွင် ကမ္ဘာကြီးတစ်ခုတည်းရှိပြီး ခရစ္စမတ်သည် မိမိတို့အချင်းချင်း တစ်ဦးနှင့်တစ်ဦး ပိုမိုနီးကပ်အောင်ဆောင်ကြဉ်းပေးလိမ့်မည်ဟု မိမိမျှော်လင့်ကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် ငြိမ်းချမ်းစွာ အတူတကွနေထိုင်သွားကြရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါတို့မှ လေကြောင်းကာကွယ်ရေးအရာရှိများက ဆန်တာ၏ခရီးစဉ်ကို မှတ်တမ်းတင်ပြီး တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်၌ စစ်ပွဲလက်ကျန် ဖောက်ခွဲရေးပစ္စည်းများနှင့် ပြည့်နေသည့် မြေဟက်တာပေါင်း ၁၈၈၀၀၀ ကို ငါးနှစ်အတွင်း ရှင်းလင်းနိုင်ခဲ့

**ဟနွိုင်း ဒီဇင်ဘာ ၂၅**

ဗီယက်နမ်နိုင်ငံသည် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြေမြှုပ်မိုင်းများ၊ မပေါက်ကွဲသေးသည့် ဖောက်ခွဲရေးပစ္စည်းများနှင့် ပြည့်နေသည့် မြေဟက်တာပေါင်း ၁၈၈၀၀၀ ကို ရှင်းလင်းနိုင်ခဲ့ပြီး တစ်နိုင်ငံလုံး အနှံ့ထိခိုက်နေသော ဧရိယာစုစုပေါင်း ဟက်တာ ၅ ဒသမ ၅၇ သန်း အထိ လျှော့ချနိုင်ခဲ့သည်ဟု ဗီယက်နမ်သတင်းအေဂျင်စီက ဒီဇင်ဘာ ၂၅ ရက်တွင် ဖော်ပြသည်။

အဆိုပါကာလအတွင်း ရှင်းလင်းရေးလုပ်ငန်းပေါင်း ၂၁ ခုကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့ပြီး ၎င်းတို့ထဲတွင် အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် နော်ဝေနိုင်ငံတို့နှင့် ပူးပေါင်းကာ ရှင်းလင်းရေးလုပ်ငန်းပေါင်း ၁၁ ခုကို လုပ်ကိုင်နိုင်ခဲ့သည်ဟု ဗီယက်နမ်သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။ ရှင်းလင်းရေးလုပ်ငန်း ၁၀ ခုမှာ ပြည်တွင်းရန်ပုံငွေဖြင့် လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ၌ စစ်ပွဲများပြီးနောက် နိုင်ငံတစ်ဝန်း တန်ချိန်ရှစ်သိန်းခန့်ရှိသည့် ဖောက်ခွဲရေးပစ္စည်းများ ကျန်ရစ်ခဲ့သည်ဟု ခန့်မှန်းထားသည်။ **ဆင်ဟွာ**

# တစ်လကျော်အတွင်း အာဖဂန်ဒုက္ခသည် ၂၄၀၀၀၀ ကျော် နေရပ်ပြန်

**ကဘူးလ် ဒီဇင်ဘာ ၂၅**

လွန်ခဲ့သောလက မိသားစုဝင်အရေအတွက် ၂၄၁၇၈၀ အပါအဝင် မိသားစုပေါင်း ၂၇၈၆၇ စုတို့သည် အီရန်၊ ပါကစ္စတန်နှင့် တူကီယဲနိုင်ငံများမှတစ်ဆင့် ၎င်းတို့၏ အမိမြေသို့ နေရပ်ပြန်ပြီဟု အာဖဂန်နစ္စတန်၏ ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၅ ရက်တွင် ကြေညာသည်။

နေရပ်ပြန်သူများသည် အနောက်ပိုင်း ဟီရတ်ပြည်နယ် အစ္စလမ်ကာလာဒေသ၊ အရှေ့ပိုင်းနန်ဂါဟာပြည်နယ် တော့ခ်ဟမ်ဒေသ၊ တောင်ပိုင်းကန်ဒါဟာပြည်နယ် စပင်ဘော်လ်ဒက်ခ်ဒေသ၊ အနောက်ပိုင်း နင်ရို့ဇ်ပြည်နယ် ပေါ်အီအာဘရီရှန်ဒေသများအပြင် လေဆိပ်များမှတစ်ဆင့် အာဖဂန်နစ္စတန်သို့ ဝင်ရောက်ခဲ့သည်ဟု ဝန်ကြီးဌာနက ပြောသည်။ နေရပ်ပြန်မိသားစုများအားလုံး အစားအစာ၊ သောက်ရေ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအပါအဝင် အရေးပေါ်အကူအညီများရရှိခဲ့သည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ထုတ်ပြန်ချက်အရ အီရန်၊ ပါကစ္စတန်နှင့် တခြားနိုင်ငံများမှ အာဖဂန်ဒုက္ခသည် ၂ ဒသမ ၈ သန်းခန့် နေရပ်ပြန်ပြီဖြစ်ကြောင်း သိရသည်။

အာဖဂန်ဒုက္ခသည် ခြောက်သန်းခန့် ၎င်းတို့ထဲမှ အများစုသည် တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသူများဖြစ်ပြီး အဓိကအားဖြင့် အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် ဆက်လက်နေထိုင်လျက်ရှိသည်။ **ဆင်ဟွာ**

# မြန်မာ - တရုတ်သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့်အထိမ်းအမှတ် ကဗျာနှလုံးသားတူယှဉ်သွား တရုတ်-မြန်မာ ဂန္ထဝင်ကဗျာများ ရွတ်ဆိုပွဲကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြား ဌာနတို့ပူးပေါင်းပြီး မြန်မာ – တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ် ပြည့်အထိမ်းအမှတ် ကဗျာနှလုံး သား တူယှဉ်သွား တရုတ်–မြန်မာ ဂန္ထဝင်ကဗျာများ ရွတ်ဆိုပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရန်ကုန် Studio –A ၌ ကျင်းပ ပြုလုပ်သည်။ အဆိုပါအခမ်းအနား သို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြား ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Ms.Zhengkui နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်)မှ ဝန်ထမ်းမိသားစုများ နှင့်ဖိတ်ကြားထားသော ဧည့်သည် တော်များတက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင် သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က အမှာစကား ပြောကြား ပြီး ကွမ်ရှီးအသံနှင့် ရုပ်မြင် သံကြားဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် Ms.Zhengkui က နှုတ်ခွန်းဆက်အမှာစကား ပြော ကြားသည်။ ယင်းနောက် ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြား ဌာနမှ အစီအစဉ်တင်ဆက်သူ Mr .Su Yaong Jian ရွတ်ဆိုထား သည့် တရုတ်စာရေးဆရာကြီး Yu Guangzhong ရေးသားထား သည့် "The Sight Of Father's Back" ကဗျာ Video Clip ကို ပြသသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အစီအစဉ် တင်ဆက်သူ ဦးစောမင်းနောင်က ဂန္ထဝင်ကဗျာဆရာကြီး ဇော်ဂျီ ရေးသားထားသည့် "ပိတောက် ပန်း" ကဗျာကို ရွတ်ဆိုသည်။ ယင်းနောက် GXRTV မှ အစီအစဉ် တင်ဆက်သူများဖြစ်သည့် Ms. Zhou Baolin နှင့် Mr.Da Peng တို့ ရွတ်ဆိုထားသည့် တရုတ် ခေတ်သစ်ကဗျာ " Pinglu Canal" ကဗျာ Video Clip ကို ပြသသည်။

ဆက်လက်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အစီအစဉ် တင်ဆက်သူများ ဖြစ်ကြသည့် ဦးသက်ဇင်ထိုက်နှင့် ဒေါ်ဝတ်ရည် မြင့်အောင်တို့က ဂန္ထဝင်ကဗျာ ဆရာမငွေတာရီ ရေးသားထား သည့် "သာသည့် မြေသို့" ကဗျာကို ရွတ်ဆိုသည်။ ယင်းနောက် GXRTV မှ အစီအစဉ်တင်ဆက်သူ Ms.Wang Lin က "သက်ဆိုင်သူ ထာဝရတည်ရှိပါစေ" တရုတ် တေးသီချင်းဖြင့် သီဆိုဖျော်ဖြေ သည်။

ထို့နောက် တရုတ်စာသင်ကြား နေသည့် မြန်မာကျောင်းသား တစ်ဦးနှင့် မြန်မာစာသင်ကြား နေသည့် တရုတ်ကျောင်းသား တစ်ဦးတို့က အကြိုက်ဆုံးကဗျာ အကြောင်း အင်တာဗျူးထားသည့် Video Clip နှစ်ခုကို ပြသသည်။

ဆက်လက်ပြီး မြန်မာ့အသံ နှင့် ရုပ်မြင်သံကြားမှ ဦးစောမင်း နောင်နှင့် ကွမ်ရှီးအသံနှင့် ရုပ်မြင် သံကြားဌာနမှ ချမ်းချမ်းတို့ က "မြန်မာမိတ်ဆွေများအတွက်" ကဗျာကို အတူတကွ ရွတ်ဆိုကြ သည်။ ယင်းနောက် ဖျော်ဖြေရေး အစီအစဉ်ကို ကျင်းပရာ မြန်မာ့ အသံနှင့် ရုပ်မြင်သံကြား နိုင်ငံ တော်သံစုံတီးဝိုင်းနှင့် ခေတ်ပေါ် တေးဂီတအဖွဲ့တို့၏ ပူးပေါင်း တီးခတ်မှုနှင့်အတူ ဝန်ထမ်း တေးသံရှင်များ ဖြစ်ကြသည့် ဖူးကေရီဆောင်းက " Tian Mi Mi (အချစ်ပြန်လာတော့မယ်)" သီချင်း ဖြင့်လည်းကောင်း၊ ခတ္တာက "Ni Zen Me Shuo (မောင်ပေးတဲ့ အချစ်ပြန်ဆပ်ခဲ့ပါ)" သီချင်းဖြင့် လည်းကောင်း၊ စောဒယ်နီရယ်က "Xiao Ren Wu De Xin Sheng (ရိုးရှင်းသောဘဝ)" သီချင်းဖြင့် လည်းကောင်း၊ အေးနံ့သာအောင် က "San Yue Li De Xiao Yu (အမှတ်တရ)" သီချင်းဖြင့် လည်း ကောင်း၊ မြင့်မြတ်ကျော်က "Gen Wang Shi Gan Bei (ဖြေသိမ့် လိုက်)" သီချင်းဖြင့်လည်းကောင်း အသီးသီး သီဆိုဖျော်ဖြေတင်ဆက် ကြပြီး မြန်မာ – တရုတ်သံတမန် ဆက်ဆံရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ် ကဗျာနှလုံးသား တူယှဉ်သွား တရုတ်–မြန်မာ ဂန္ထဝင်ကဗျာများ ရွတ်ဆိုပွဲကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

မြန်မာ့အသံနှင့် ရုပ်မြင် သံကြားနှင့် ကွမ်ရှီးအသံနှင့်ရုပ်မြင် သံကြားဌာန (GXRTV)တို့သည် ၂၀၁၇ ခုနှစ်မှစတင်၍ ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ တရုတ် ရုပ်သံစီးရီးနှင့် တရုတ်ကာတွန်း ကားများအား မြန်မာဘာသာ ပြန်ဆိုပြသလျက် ရှိသကဲ့သို့ နှစ်ဖက်ပူးပေါင်း ထုတ်လုပ်မှုများ ဆောင်ရွက်လျက်ရှိရာ ကွမ်ရှီးအသံ နှင့် ရုပ်မြင်သံကြားဌာန (GXRTV) မှ ရိုက်ကူးပြီးစီးခဲ့သည့် မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ နောက်ဆုံးအောင်မြင် မှုအခြေအနေများ မှတ်တမ်းရုပ်သံ နှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ပူးတွဲရိုက်ကူး ထုတ်လုပ်မည့် မုတ္တမပင်လယ်ကွေ့တွင် ကျက်စား သည့် ငှက်မျိုးရင်းလေ့လာရေး အစီအစဉ်စသည့် ရုပ်သံမှတ်တမ်း အစီအစဉ် နှစ်ခုအား နှစ်ဖက်ရုပ်သံ များတွင် ထုတ်လွှင့်ပြသရေး သဘောတူညီချက် မူဘောင်ကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်)၌ လက်မှတ်ရေးထိုးခဲ့ ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒို့အတူတူ မဲပေးကြမယ် တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတ ဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ဒို့အတူတူ မဲပေးကြမယ် တေးဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၂၆ ရက်၊ သောကြာနေ့ ည ၉ နာရီ၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ရဲထိုက်၊ မိုးယံဇွန်၊ ကောင်းမိုးယံ၊ ပြည့်ဖြိုးအောင်၊ သုတဦး၊ သက်မှူးခင်၊ ခိုင်သဇင်ဦး၊ နန်းစန္ဒီ၊ ချိုသဲဦး၊ ကြည်ဖြူခင် နှင့် စန္ဒီလင်းမွန်ထွန်းတို့က လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးတွင် နိုင်ငံသားအားလုံး ပါဝင် မဲပေးကြဖို့လှုံ့ဆော်သည့် တေးသီချင်းများဖြင့် ဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။




ဒို့အတူတူ မဲပေးကြမယ် တေးဂီတဖျော်ဖြေပွဲ ကို မြန်မာ့ရုပ်မြင်သံကြား၏ MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV Telegram မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည် ဖြစ်ပြီး MRTV App ၏ Entertainment Sector တွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ထို့အပြင် ဒီဇင်ဘာ ၂၈ ရက်၊ တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲ တွင်လည်း MRTV–HD Channel မှ Replay ထပ်မံ ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# "ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

"ချစ်စရာ့အရွယ်ကစားကြမယ်" ကလေးအစီအစဉ်ကို MRTV – HD Channel မှ အပတ်စဉ် စနေနေ့ တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် စနေနေ့၊ နံနက် ၁၁ နာရီတွင် အမှတ်(၃) မူလတန်းကြိုကျောင်း (မင်္ဂလာဒုံ)နှင့် မင်္ဂလာဒုံမူလတန်း ကြိုကျောင်းမှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့ အသံနှင့်ရုပ်မြင်သံကြား၏ MRTV– HD Channel မှ ဆက်လက် ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေး များ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေး ငယ်များ အချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံ တတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့




အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်း ဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည် ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက် လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင် ဒီဇင်ဘာ ၂၈ ရက်၊ တနင်္ဂနွေ နေ့ နံနက် ၉ နာရီခွဲတွင် လည်း ကောင်း၊ MRTV – HD Channel တွင် ဒီဇင်ဘာ ၂၉ ရက်၊ တနင်္လာ နေ့ ညနေ ၄ နာရီသတင်းအပြီး တွင်လည်းကောင်း ထပ်မံပြသမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်မူလတန်းကြို ကျောင်း၌ ဒီဇင်ဘာ ၂၅ ရက်တွင် မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးထက်မြတ်စိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အသိပညာပေးဟောပြောခြင်းနှင့် မီးသတ် ဆေးဘူး ကိုင်တွယ်အသုံးပြု၍ မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြစဉ်။

ခန့်ဝင်း (ဆင်ပေါင်ဝဲ)

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲ ဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၉၉ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျ ဆက်လက်မီးရှို့ဖျက်ဆီး

**နေပြည်တော်　ဒီဇင်ဘာ ၂၅**


မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အပိုင်း(၃) နယ်မြေအား ဖောက်ခွဲဖျက်ဆီးမှု။

## စနစ်တကျဖြိုချဖျက်ဆီး

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မွဲထော်သလေး(KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံး၊ သုံးထပ်အဆောက်အအုံနှစ်လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၄၉၉ လုံး ကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လေးထပ်အဆောက်အအုံ သုံးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၄၉ လုံးကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် လေးထပ် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးပုံ။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံများအား လေအိုးမီးအိုးဖြင့် ဖျက်ဆီးမှုမှတ်တမ်း(၂၅-၁၂-၂၀၂၅)။

ယင်းအပြင် KK park နှင့်ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများအား မီးရှို့ဖျက်စီးမှု



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများအား မီးရှို့ဖျက်စီးမှု

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၁၂-၂၀၂၅ သောကြာနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီးဓမ္မရိတ်တရားတော် (အာဠာနာရိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၅၀ ပျော်ပျော်ရွှင်ရွှင်မဲပေးကြမယ်လာ (ကိုကိုဝင်း၊ သရုပ်ဆောင် - ရန်ရှင်းမောင်နှင့်အဖွဲ့)
- ၀၉:၁၅ စောစောအိပ်လို့စောစောထလို့စောစောလမ်းလျှောက်ကြပါစို့
- ၀၉:၃၅ Soccer View
- ၁၀:၃၀ ရင်ထဲမှာဘယ်သူရှိလဲ(အက်စတောဒါချင်းဆုန်)
- ၁၀:၃၅ လူမှုစီးပွားသတင်းများ
- ၁၁:၂၅ ငြိမ်းချမ်းသောအနာဂတ် (အပိုင်း-၁)
- ၁၂:၃၅ ငြိမ်းချမ်းသောအနာဂတ် (ဇာတ်သိမ်းပိုင်း)
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ မျိုးဂုဏ်တင့်စေဆိုကရေတီးအငွေ့
- ၁၅:၂၀ လူငယ်ရေးရာအစီအစဉ်
- ၁၆:၃၅ မှန်ပါလေ(နှီနှီခင်ဇော်)
- ၁၇:၀၅ Weekly Sports Info
- ၁၇:၃၀ ရွေးကောက်ပွဲများအတွက် အီလက်ထရောနစ်မဲပေးစက် (MEVM)
- ၁၇:၄၅ ပြည်သူ့တာဝန်ကျေပါစေ(ချောစုခင်)
- ၁၉:၀၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၃၀ 'ဝလာမဲ' (ဇော်ဝင်းနိုင်၊ ဂွမ်းပုံ(တက္ကသိုလ်)၊ ဟိဏ်းသီရိစံ၊ ဒိုင်ပါက်၊ ဆင်မ၊ မျိုးမျိုးခိုင်၊ ရွှေဝဏ္ဏအောင်၊ နိုင်းနိုင်း) (အိုရိုက်တာ - အောင်မြတ်)
- ၁၉:၄၅ မဲရုံသို့(John ဝေယျ၊ ဖူးဖူး၊ သရုပ်ဆောင် - နေဒွေး၊ ခိုင်သဇင်ဦး)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'ဒို့အတူတူမဲပေးကြမယ်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၁၅ ရွေးကောက်ပွဲနှင့်ပြည်သူ့စကားသံ

**mitv**

- 07:01 Evergreen Classic: Sein Lae Kan Thar
- 07:08 Memorable Hainan Island
- 07:33 Traditional Myanmar Theatrical Performance
- 07:43 The Caves
- 08:01 News
- 08:26 A Trip to Gyobyu Reservoir (Part-2)
- 08:46 Finding Ways for Coexistence between People and Elephants
- 09:01 Thatbyinnyu Temple
- 09:15 Irrawaddy Dolphin (Part-1)
- 09:30 Artistic Values & Aesthetic Traditions
- 09:53 New Year Songs
- 10:01 News

**Me**

- ၀၆:၀၀ အဖွင့်၊ ဓမ္မဂီတတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက(ရခိုင်)
- ၀၆:၅၀ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'လျှို့ဝှက်ကောင်းများခေတ်' အပိုင်း (၁၅)
- ၀၇:၅၅ ရုပ်ရှင်သဘင် 'ဝေသန္တရာဇာတ်တော်ကြီး'
- ၀၉:၂၅ ဘဝနှင့်အနုပညာ 'တေးသံရှင်သီဆိုသူရဲ့ ဂီတခရီးလမ်း' အပိုင်း(၁)
- ၀၉:၅၅ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) 'ခင်စိန်စိန်နေပါ့မယ်'
- ၂၁:၀၀ 'ဒို့အတူတူမဲပေးကြမယ်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**MRTV NRC**

- အင်္ဂလိပ်ကချင် (၀၆:၀၀ မှ ၀၇:၀၀) စိတ်ဝင်စားဖွယ်ရာများရှိရာမြေကျွန်းသို့
- အင်္ဂလိပ်ချင်း (၀၇:၀၀ မှ ၀၈:၀၀) ကျောက်တစ်ရေခါအကြောင်းသိကောင်းစရာများ
- ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀) ချင်း(ဖြိုး)ဝတ်စားဆင်ယင်မှုများ(အပိုင်း-၂)
- ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀) ကြယ်ပွင့်လေးရဲ့ကျောင်းဖိတ်ချိန်
- မွန် (၁၀:၀၀ မှ ၁၂:၀၀) စိမ်းလန်းစိုပြည် သံဖြူဇရပ်မြေ
- ရခိုင် (၁၂:၀၀ မှ ၁၄:၀၀) ကျောက်ရိုးတော်ဓာတ်စေတီ
- ရှမ်း (၁၄:၀၀ မှ ၁၆:၀၀) ရှမ်းဘာသာစကားပြောကြရအောင်နော်
- ဝ (၁၆:၀၀ မှ ၁၈:၀၀) ဦးဖားဆန်မြတ်ချက်နည်း
- ကချင် (၁၈:၀၀ မှ ၂၀:၀၀) ကြက်ကချင်ချက်
- ကယား (၂၀:၀၀ မှ ၂၂:၀၀) ပညာပန်းနှင့်အလှဆင်
- ပအိုဝ်းကရင် (၂၂:၀၀ မှ ၂၄:၀၀) သံတောင်မြို့အလှနှင့် ဘွဲ့ကရင်တိုင်းရင်းသားတို့ရဲ့သဘာဝ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၄၅ ရသစုံစွာကျော်မြေကမ္ဘာ
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ထိုင်းနိုင်ငံ'
- ၁၀:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဖြူစင်သောစိတ်ထား'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အာဝရိကနိုင်ငံ' (အပိုင်း-၁)
- ၁၀:၄၅ ရွှေသို့ချိုသည်ပန်းတိုင်ဆီ (အပိုင်း-၉၅)

**MRTV FARMERS**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၀ မြန်မာချစ်တဲ့မုန့်ဟင်းခါး
- ၀၇:၀၀ 'စိုက်ပျိုးမွေးမြူသုတဘက်' ထုတ်လုပ်မှုတိုးတက်ဖို့ စက်မှုလယ်ယာပြောင်းကြစို့
- ၀၈:၀၀ စိုက်ပျိုးရေးရာအမြင့် 'တောင်သူများ အတွက်အကျိုးရှိစေဖို့ ဈေးကွက်သေချာတဲ့ ဥက်ပျောစိုက်ကြစို့'
- ၀၉:၃၀ ဧရာဝတီမြစ်ကမ်းတီးတိုက်ခြင်း...မြန်မာ့အထူးတန်းကော်ဖီလုပ်ငန်းခွင်
- ၁၀:၃၀ ဒေါင်း (အပိုင်း-၁၇+၁၈)(မြန်မာဇာတ်လမ်းတွဲ)

**MRTV SPORTS HD**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၁၀:၀၀ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားဘော်လီဘောပြိုင်ပွဲ (Replay) (မြန်မာ နှင့် လာအို)
- ၁၇:၀၀ အားကစားသတင်း

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို

မော်လမြိုင်မြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရေးကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်းကို မြို့နယ်အတွင်းရှိ ရွေးကောက်ပွဲကျင်းပမည့် ရပ်ကွက်၊ ကျေးရွာများ၌ ဒီဇင်ဘာ ၂၄ ရက်က ဆောင်ရွက်စဉ်။ ခင်စန်းမြင့်(ပြန်/ဆက်)



တောင်ကြီးမြို့၌ ရွေးကောက်ပွဲလှုံ့ဆော် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စတစ်ကာများကပ်ပေးခြင်းတို့ကို ဒီဇင်ဘာ ၂၅ ရက်က ဗိုလ်ချုပ်အောင်ဆန်းလမ်း ဗိုလ်ချုပ်ပန်းခြံရှေ့ မီးပွိုင့်လမ်းဆုံနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနရှေ့၌ ဆောင်ရွက်ရာ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မီးတပ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်စဉ်။ စိုင်းသန်းကျော်(တောင်ကြီး)



ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် "မဲပေးစက်နဲ့ဘယ်လိုမဲပေးကြမလဲ" အသိပညာပေး လက်ကမ်းစာစောင်များကို မြစ်သားမြို့အဝင်ဆိုင်းဘုတ်နှင့် လူစည်ကားရာနေရာများတွင် ဒီဇင်ဘာ ၂၄ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ခင်မိုးမိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက အခမဲ့ဖြန့်ဝေပေးစဉ်။ ဝါဝါမြင့် (ပြန်/ဆက်)





မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည် နိုင်ရန်အတွက် ဒီဇင်ဘာ ၂၃ ရက်မှစတင်၍ မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်စဉ်။ ကိုကျော်(ချောင်းဆုံ)



ဆိပ်ဖြူမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရာတွင်သိရှိလိုက်နာရန် အချက်များ အသိပေးကြေညာခြင်းကို ဒီဇင်ဘာ ၂၅ ရက်က ဆောင်ရွက်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှတာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်များနှင့် လူစည်ကားရာနေရာသို့ ကွင်းဆင်း၍ အသံချဲ့စက်ဖြင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။ သူရိန်(ဆိပ်ဖြူ)



မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဒို့အတူတူ မဲပေးကြမယ် အသိပညာပေးလက်ကမ်းစာစောင်များကို ဒီဇင်ဘာ ၂၄ ရက်က သတ္တဌာနဘုရားကြီးရှေ့၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ဖြန့်ဝေစဉ်။ ဇော်ထက်(သရက်)

### မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေ များတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ၊ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်း လျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## တပ်ကုန်းမြို့နယ်၌ ဆန်စပါး၊ ပဲမျိုးစုံ၊ ပွဲစားကုန်သည် စက်ပိုင်များ ကုန်စည်ဒိုင်ရုံးဖွင့်

**တပ်ကုန်း ဒီဇင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ဆန်စပါး၊ ပဲမျိုးစုံ၊ ပွဲစားကုန်သည် စက်ပိုင်များ ကုန်စည်ဒိုင်ရုံးဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကုန်စည်ဒိုင်ရုံးရှေ့၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ယဉ်ယဉ်နွယ်၊ နေပြည်တော် စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးသိန်းထွန်း၊ ဥတ္တရခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးမင်းခိုင်ဝင်း၊ မြို့နယ်ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးစိုးဝင်းထွန်းတို့က မြို့နယ်ကုန်စည်ဒိုင်ရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်က အမှာစကားပြောကြားပြီး ဒီဇင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲတွင် ဆုရရှိသော လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ မြို့နယ် MSME ဥက္ကဋ္ဌ ဦးမောင်မောင်နုက ဆုရရှိသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ထပ်မံပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် တောင်သူ ဦးတင်ထွန်းအောင်၏ ပေါ်ဆန်းမွှေးစပါးစိုက်ခင်း ဧက ၂၀ စပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီရေးနှင့် စပါးမျိုးသန့်များ စိုက်ပျိုးနိုင်ရေး ဆွေးနွေးပြောကြားသည်။ **တင်စိုးလွင်**



## ပိုးသတ်ဆေး ဓာတ်ကြွင်းလျှော့ချရေးသင်တန်းဖွင့်

**ကော့သောင်း ဒီဇင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ စိုက်ပျိုးရေးသွင်းအားစုအရောင်းဆိုင်လုပ်ငန်းရှင်များအား မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးဥပဒေအကြောင်းရှင်းလင်းခြင်းနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်လျှော့ချရေးနည်းပညာပေးသင်တန်းကို ဒီဇင်ဘာ ၂၃ ရက်က ခရိုင်စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ဖွင့်လှစ်ရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန္ဒာဝင်းက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဇော်နှင့် တာဝန်ရှိသူများက ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပဲခူးမြို့၌ အခွန်အရပ်ရပ်ကောက်ခံရရှိမှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ပဲခူး ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး အခွန်အရပ်ရပ်ကောက်ခံရရှိမှု အလုပ်ရုံဆွေးနွေးပွဲနှင့် အခွန်အရပ်ရပ်တိုးတက်ကောက်ခံရရှိရေး ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၃ ရက်က ပဲခူးမြို့ လူငယ်စင်တာခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အခွန်ထမ်းလုပ်ငန်းရှင်စုစုပေါင်း ၂၇၀ ခန့် တက်ရောက်သည်။



ဦးစွာ ပဲခူးတိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးတင်ဦးက နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ ပြည့်ပြည့်ဝဝရရှိရေး ဆောင်ရွက်ကြရန်နှင့် အခွန်အမျိုးအစားငါးမျိုးအပါအဝင် ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်သည့် လုပ်ငန်းလေးမျိုးမှ လျာထားချက် ပြည့်မီအောင် ကောက်ခံရရှိစေရေး ပြောကြားပြီး မြို့နယ်များမှ အခွန်ကောက်ခံရရှိမှုအခြေအနေများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။ ထို့နောက် အခွန်ထမ်းများက သိရှိလို၍ မေးမြန်းမှုများအပေါ် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နီလာမြင့်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ခရိုင်(ပြန်/ဆက်)**

## မင်းဘူး(စကု)မြို့နယ်၌ ရေတိုက်စားမှုကမ်းပြိုကာကွယ်ရေးလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မင်းဘူး ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ချောင်းဖြူကျေးရွာ ဆားပွက်ချောင်း ကမ်းပါးပြိုကျမှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ယခုဘဏ္ဍာနှစ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၄) မကွေးတိုင်းဒေသကြီးရုံးမှ လူမှုစီးပွား ဖွံ့ဖြိုးရေးရန်ပုံငွေ (CSR)ဖြင့် ချောင်းအတွင်း ရေထိန်းရေကာများ တည်ဆောက်ခြင်း၊ ချောင်းတူးဖော်ခြင်းနှင့် ချောင်းချဲ့ခြင်းလုပ်ငန်းများကို ခွင့်ပြုငွေကျပ် ၃၃၅ သန်းဖြင့် ယခုနှစ် နိုဝင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးကြောင်း သိရသည်။ ချောင်းဖြူကျေးရွာ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကျေးရွာ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်များ၊ စိုက်ပျိုးမြေများ ရေတိုက်စားမှုဒဏ်မှ နှစ်စဉ်ကင်းဝေးနိုင်တော့မည်ဖြစ်သည်။ **မောင်မောင်(မင်းဘူး)**

## ညောင်လေးပင်မြို့နယ်၌ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စက်ကိုင်မွမ်းမံသင်တန်းဖွင့်



**ညောင်လေးပင် ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး စက်ကိုင်မွမ်းမံသင်တန်းကို ယမန်နေ့က အထက(၁) ညောင်လေးပင်နှင့် အထက (၂) ပြွန်တန်ဆာတို့၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အမှာစကားပြောကြားသည်။

သင်တန်းတွင် ရွေးကောက်ပွဲဆိုင်ရာ သိသင့်သိထိုက်မှုများကို သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၈၇ ဦး တက်ရောက်ကြောင်း မြို့နယ်ရွေးကောက်ပွဲအဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဒေါ်နန်းလဲ့လဲ့ထွေးက ပြောသည်။ **မြို့နယ်(ပြန်/ဆက်)**



ကျောက်ပန်းတောင်းမြို့နယ်၌ ပြည်ထောင်စုအထွေထွေ ပိုလျှံရန်ပုံငွေကျပ် ၃၄၅ သန်းဖြင့် ကျောက်ပန်းတောင်း-မိတ္ထီလာကားလမ်းမှ ဒါန့်ကျင်းကျေးရွာ အဝင်လမ်းပေါ်တွင် ရေကျော်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၄ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးလှခိုင်၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးပေးစဉ်။ ဒီပါလင်း

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ သွားရောဂါကွင်းဆင်းကုသ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၌ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် သွားရောဂါ ကွင်းဆင်းကုသမှုကို ယမန်နေ့က မြို့နယ်ခန်းမ၌ ဆောင်ရွက်ရာ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ သွားရောဂါအတိုင်ပင်ခံ အထူးကု ဆရာဝန်ကြီး (SCS) ဒေါက်တာ ဥမ္မာခင် ဦးဆောင်သော သွားနှင့် ခံတွင်းဆေးရုံ(သာကေတ)နှင့် သွားနှင့်ခံတွင်းအထူးကုဌာန (တက္ကသိုလ်များ ဆေးရုံ၊ ရန်ကုန်)တို့မှ သွားဘက်ဆိုင်ရာ ဆရာဝန်များက ကွင်းဆင်းဆောင်ရွက်ပေးသည်။



အဆိုပါ သွားရောဂါနှင့် အထွေထွေရောဂါကွင်းဆင်းကုသရာသို့ သွားလူနာ ၁၃၅ ဦး၊ အထွေထွေလူနာ ၆၂ ဦးနှင့်ကလေးလူနာ လေးဦး စုစုပေါင်း လူနာ ၂၀၁ ဦး လာရောက်ပြသခဲ့ပြီး ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့က အာဟာရများပေးဝေခဲ့ကြောင်း သိရသည်။ **ဖြိုးစန္ဒာ(ပြန်/ဆက်)**



တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် လူမှုဝန်ထမ်းမူလတန်းကြိုကျောင်းမှ ကလေးသူငယ်များအား ကျောင်းတွင်းကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ကျောင်းတွင်း ကာယစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ ပြည့်ဖြိုးပိုင်(ပြန်/ဆက်)

## ကျွန်းလှမြို့နယ်၌ ပဲမျိုးစုံလျာထားချက် ပိုမိုစိုက်ပျိုး

**ကျွန်းလှ ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် ဆောင်းရာသီ ပဲမျိုးစုံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ပဲမျိုးစုံစိုက်ပျိုးရန် ၁၉၇၉၃ ဧက လျာထားပြီး ၁၉၈၀၈ ဧက (၁၀၀ ဒသမ ၀၇)ရာခိုင်နှုန်းစိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီထံမှ သိရသည်။

ပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၁၁၇၂၈ ဧက၊ ထောပတ်ပဲ ၁၈ ဧက၊ ကုလားပဲ ၂၄၁ ဧက၊ စားတော်ပဲ ၅၂၃၃ ဧက၊ စွန်တာပြာ ၂၁၃၅ ဧက၊ ပဲရာဇာ ၄၅၃ ဧက စုစုပေါင်း ၁၉၈၀၈ ဧကဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ရွေးကောက်ပွဲအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေး၊ တတိယအကြိမ် မဲစာရင်းများကပ်ထားကြေညာ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်နှင့်အထက် မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန် ဆန္ဒမဲပေးနိုင်ရေးအတွက် "ဒို့အတူတူ မဲပေးကြမယ်" ရွေးကောက်ပွဲအသိပညာပေး သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို လူစည်ကားရာနေရာများနှင့် တတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာခြင်းကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဆောင်ရွက်ခဲ့ကြသည်။


ဘားအံမြို့
ပြည်နယ်(ပြန်/ဆက်)


ကလောမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ပခုက္ကူမြို့
ကယ်ရီမောင်


ညောင်ရွှေမြို့နယ်
စိုင်းအယ်ဘဲ


ကော့မှူးမြို့နယ်
ကျော်သူရ(ကော့မှူး)


ခန္တီးမြို့
ခရိုင်(ပြန်/ဆက်)


အမရပူရမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကျောက်မဲမြို့နယ်
ခရိုင်(ပြန်/ဆက်)


မိုင်းဖြတ်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


နောင်မွန်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)

**သာကေတ**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် တတိယအကြိမ်မဲစာရင်းများကို ဒီဇင်ဘာ ၂၃ ရက်မှစတင်ကပ်ထား ကြေညာလျက်ရှိသည်။ ထိုသို့ကပ်ထားကြေညာမှုကို ပြည်သူများ လာရောက်စစ်ဆေးကြည့်ရှုနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ ရပ်ကွက်များအလိုက် လိုက်လံအသိပေးနှိုးဆော် ဆောင်ရွက်ခဲ့ကြ ကြောင်း သိရသည်။

သဲထက်ဇင်(ပြန်/ဆက်)

# နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ဆောင်ရွက်

နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ခြင်းမရှိသူများနှင့် ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်ခြင်းပြုလုပ်လိုသူများအတွက် နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းကို မြို့နယ်အသီးသီးတွင်ဆောင်ရွက်ပေးလျက်ရှိပြီး ကာယကံရှင်များလက်ဝယ်သို့ မြို့နယ်အဆင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြ ကြောင်း သိရသည်။


နတ်တလင်းမြို့နယ်
ဝေယံဖြိုး(ပြန်/ဆက်)


ဝေါမြို့နယ်
မြို့နယ်(ပြန်/ဆက်)



## မြင်းခြံတက္ကသိုလ်၌ အသိပညာပေးဟောပြော

မြင်းခြံ ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး မြင်းခြံတက္ကသိုလ်၌ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက တက္ကသိုလ်ခန်းမ၌ ကျင်းပရာ ပါမောက္ခ (ဌာနမှူး)များနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးတို့က အရတော်ပါစေ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ အမုန်းစကားမှသည် ငြိမ်းချမ်းရေးစကားဆီသို့၊ လူငယ်နှင့် ဆိုရှယ်မီဒီယာ စသည့် ကျောင်းသား ကျောင်းသူများ ဗဟုသုတဖြစ်ဖွယ်တို့ကို ဆွေးနွေးဟောပြောသည်။အဆိုပါ ဟောပြောပွဲသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ချစ်ဦးနွေ(မြင်းခြံ)

## တောင်ကြီးမြို့၌ အခွန်ဆိုင်ရာ အသိပညာပေး

တောင်ကြီး ဒီဇင်ဘာ ၂၅

တောင်ကြီးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဟိုတယ်၊ တည်းခိုခန်း၊ စားသောက်ဆိုင်လုပ်ငန်းများအနေဖြင့် အခွန်အမှတ်တံဆိပ် ကပ်နှိပ်နိုင်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို တောင်ကြီးမြို့ ပြည်တွင်းအခွန်များ ဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နွဲ့နွဲ့အေးက နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေရရှိရေးကို တည်ဆဲဥပဒေများနှင့်အညီ စည်းကြပ်ကောက်ခံရမည် ဖြစ်သည့်အတွက် အခွန်ပေးဆောင်မှုလုပ်ငန်းစဉ်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး အသိပညာပေးဆွေးနွေးသည်။

ခရိုင်(ပြန်/ဆက်)

# မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ မဲရုံများတွင် ပြည်သူများ ဘေးကင်းလုံခြုံစွာမဲပေးနိုင်ရေး တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အတွင်းရှိ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲ လာရောက်ပေးရာတွင် ပြည်သူများ ဘေးကင်းလုံခြုံစွာ မဲပေးနိုင်ရေးအတွက် တာဝန်ရှိသူများက ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲမှစ၍ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မဲရုံလုံခြုံရေးဆိုင်ရာများ၊ မီးဘေးအန္တရာယ်ကင်းဝေးစေရေး မီးသတ်ဆေးဘူးများထားရှိရန် ကိစ္စရပ်များ၊ မဲဆန္ဒရှင်ပြည်သူများ ခေတ္တနားခိုနိုင်ရေး နားခိုနေရာစီစဉ်ဆောင်ရွက်ပေးရန် ကိစ္စရပ်များအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြသိန်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲဝင်းထွန်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးချစ်ဆောင်၊ လက်ထောက်မြို့နယ်ပညာရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ဝင်းစိန်၊ မီးသတ်သန္တေတပ်ဖွဲ့ဝင် သုံးဦးတို့က သွားရောက် စစ်ဆေးခဲ့ကြောင်း သိရသည်။



**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ တတိယအကြိမ် မဲဆန္ဒရှင်အမည်စာရင်းများ ထုတ်ပြန်ကြေညာ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာခြင်းကို ဒီဇင်ဘာ ၂၃ ရက်ကစတင်၍ ရပ်ကွက်များအလိုက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုနေမှုကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲဝင်များက လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါတတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို ဒီဇင်ဘာ ၂၃ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ကပ်ထားကြေညာပေးသွားမည်ဖြစ်ပြီး မိမိတို့အမည်စာရင်းပါရှိခြင်း ရှိ/မရှိ၊ အမည်မပါသူများ၊ အချက်အလက်များ မှားယွင်းနေသူများကို ပုံစံ (၁)ဖြင့် ရပ်ကွက်များအလိုက် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထပ်မံဖြည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်မြင့်ရီ(ဒဂုံမြောက်)**

## မြင်းခြံတက္ကသိုလ်၌ ဘာသာပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲများ ဆုချီးမြှင့်



**မြင်းခြံ ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲကို ယမန်နေ့က မြင်းခြံတက္ကသိုလ်ဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာပေါင်းစုံ အားကစားပြိုင်ပွဲများမှ ဘော်လီဘော(အမျိုးသား)၊ ပိုက်ကျော်ခြင်း(အမျိုးသား)၊ ဘောလုံး (အမျိုးသား)၊ အပြေးမီတာ -၁၀၀(အမျိုးသမီး)၊ မီတာ - ၁၀၀ (အမျိုးသား)၊ မီတာ -၄၀၀ လက်ဆင့်ကမ်း (အမျိုးသမီး)၊ အလျားခုန်(အမျိုးသမီး)၊ အလျားခုန် (အမျိုးသား)၊ သံလုံးပစ် (အမျိုးသား)၊ သံလုံးပစ် (အမျိုးသမီး) စသည့်အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား မြင်းခြံတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများက ဆုများပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ချစ်ဦးနွေ(မြင်းခြံ)**



## ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မိတ္ထီလာ ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ရှမ်းတိုင်းရင်းသားဘာသာဖြင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ယနေ့နံနက် ၉ နာရီခွဲက မိတ္ထီလာမြို့စည်ပင်သာယာဈေးကြီး အနောက်ဘက်ဝင်ပေါက်၌ ဖြန့်ဝေခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းဘာသာပြန်ဆိုဆောင်ရွက်ထားသည့် ရှမ်းတိုင်းရင်းသားမဲဆန္ဒရှင် အသိပညာပေးဆိုင်ရာ လက်ကမ်းစာစောင်များအား မိတ္ထီလာခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးနန္ဒကျော်သူ၊ ခရိုင်ရွေးကောက်ပွဲအရာရှိ ဒေါ်ခိုင်ခိုင်နွယ်နှင့် ဝန်ထမ်းများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့် ဝန်ထမ်းများက မိတ္ထီလာမြို့စည်ပင်သာယာဈေးကြီးအတွင်းရှိ ဈေးသည်များ၊ ဈေးဝယ်များအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။**ခရိုင်(ပြန်/ဆက်)**

## ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ ကြိုတင်ဆန္ဒမဲပေး

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများတွင် တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာခြင်း ကြိုတင်ဆန္ဒမဲပေးမှုအခြေအနေများနှင့် မဲရုံများ လျာထားပြင်ဆင်ထားမှု အခြေအနေများအား ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်(၂) ဒေါ်ဖြူဖြူဥ၊ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်(၂) ဦးတင့်နိုင်တို့က ယနေ့နံနက် ၁၀ နာရီက ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကြည့်ရှုရာတွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝဏ္ဏ၊ အဖွဲ့ဝင် ဦးထွန်းလင်းနိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ရပ်ကွက်များအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်(၂)၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်(၂) တို့က တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုကို လာရောက်ကြည့်ရှုကြသည်။ **သန်းသန်းအေး(ပြန်/ဆက်)**



## မဲရုံပြုလုပ်မည့်နေရာများနှင့် မဲရုံပတ်ဝန်းကျင်နေရာများအား မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

**ပြည် ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကိုကို ဦးဆောင်သော မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်လင်းစိုးနှင့်သန္တေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဝက်ထီးကန်နယ်မြေ၊ တီတွတ်နယ်မြေနှင့် ပြည်မြို့ပေါ်ရပ်ကွက်များရှိ မီးသတ်စခန်းများနှင့် မဲရုံပြုလုပ်မည့်နေရာများအား ယမန်နေ့က မီးဘေးလုံခြုံရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။



ပြည်မြို့နယ်ရှိ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၆၉ အုပ်စုတွင် မဲရုံပေါင်း ၁၃၃ ရုံဖြင့် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပမည်ဖြစ်ရာ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာ မဲပေးနိုင်ရေးနှင့် မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စုများ၌ မဲရုံပြုလုပ်မည့်နေရာများနှင့် မဲရုံပတ်ဝန်းကျင်နေရာများအား မီးလောင်/မီးလန့်မှုများမဖြစ်ပေါ်ရေးအတွက် ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



ဒိုက်ဦးမြို့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာအသိပညာပေး "ဒို့အတူတူ မဲပေးကြမယ်" တိုင်းရင်းသားဘာသာစကား ငါးမျိုးပါသည့်လက်ကမ်းစာစောင်ကို ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်း ၁၀ နာရီက မြို့နယ်အားကစားရုံ၌ အသက် ၁၃ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ လာရောက်ကြည့်ရှုသောမိဘပြည်သူများထံ ဖြန့်ဝေစဉ်။ မြို့နယ်(ပြန်/ဆက်)

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသူများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုမှ ပြစ်မှုကျူးလွန်သူ နှစ်ဦး သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးသူများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုမှ ပြစ်မှုကျူးလွန်သူ နှစ်ဦး သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၁ ရက် ည ၇ နာရီ ၂၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(အနောက်)ရပ်ကွက် အထက်ပန်းဆိုးတန်းလမ်း တိုက်အမှတ်(၈၄)နှင့်(၈၆)ကြားတွင် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသူများက အများပြည်သူထိခိုက်စေရန် ရည်ရွယ်၍ လက်လုပ်မိုင်းကို အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် လမ်းဘေး၌ ရပ်တန့်ထားသော YGN-18 1E/7972 NISSAN TIIDA LATIO မော်တော်ယာဉ်တွင် ဝဲ/ယာဘက် မှန်တံခါး လေးချပ်နှင့် ယာဘက်ခြမ်း တံခါးများတွင် မိုင်းပေါက်ကွဲစများ ထိမှန်ခဲ့ရာ တန်ဖိုးကျပ် ၁၈ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးသူများကိုဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စဉ်ဆက်မပြတ် စုံစမ်းဖော်ထုတ်ခဲ့ရာ အကြမ်းဖက်မှုကိုမလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ ပြစ်မှုကျူးလွန်သူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၅)ရပ်ကွက် စွယ်တော်လမ်း အမှတ်(၁၉၈)နေ ကြည်ကြည်ရွှေ (၃၇)နှစ် (ဘ) ဦးစိန်မြင့်နှင့် အခင်းဖြစ်ရပ်သို့ လိုက်ပါလာသည့် ၎င်း၏သားဖြစ်သူ မောင်လင်းလတ်ဟိန်း(ဘ) ဦးနိုင်လင်းတို့ နှစ်ဦးကို ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဗုံးဖောက်ခွဲရန် ခိုင်းစေသူ ကိုလင်း (ဖမ်းဆီးရန်ကျန်)မှ Kpay Account ဖြင့် ပေးအပ်သည့် ငွေကျပ် ၃၅၀၀၀၀ မှ သုံးစွဲပြီးကျန်ငွေကျပ် ၂၄၅၀၀၀၊ ဖုန်းအမှတ် ၀၉ - ၇၅၁၁၄၂၈၄၁ နှင့် ၀၉-၆၉၄၂၂၅၄၄၀ နံပါတ်ပါ itel P65 အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ ပြစ်မှုကျူးလွန်စဉ်က ကြည်ကြည်ရွှေ ဝတ်ဆင်ခဲ့သည့် ရှပ်အင်္ကျီလက်ရှည် တစ်ထည်၊ အနက်ရောင် လက်တိုတီရှပ်အင်္ကျီ တစ်ထည်၊ CONVERSE စာတမ်းပါ ခဲရောင်ဘောင်းဘီအရှည် တစ်ထည်၊ XAVIER DANAUD စာတမ်းပါ အနက်ရောင်အမျိုးသမီးကိုင်ဘေးလွယ်အိတ် တစ်လုံး၊ ပန်းရောင်ကွင်းထိုးဖိနပ် တစ်ရံ၊ ပြစ်မှုကျူးလွန်စဉ်က မောင်လင်းလတ်ဟိန်းဝတ်ဆင်ခဲ့သည့် တီရှပ်အင်္ကျီလက်တို တစ်ထည်၊ ဂျင်းဘောင်းဘီအရှည် တစ်ထည်၊ ကွင်းထိုး အပြာရောင်ဖိနပ် တစ်ရံတို့နှင့်အတူ ၎င်းတို့၏ နေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်း(ပ)၉၄၃/၂၀၂၅၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ)ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ကြည်ကြည်ရွှေသည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်း ရာဇသတ်ကြီးပုဒ်မ ၃၉၄/၃၄ အမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ်(၂၀) ကျခံနေသည့် ဒုတိယခင်ပွန်းဖြစ်သူ ဇော်လင်း(ခ) ဇော်ကြီးအား ထောင်ဝင်စာသွားရောက် တွေ့ဆုံစဉ် ဇော်လင်း(ခ) ဇော်ကြီး၏ ဆက်သွယ်ပေးမှုအရ ကိုလင်း (ဖမ်းဆီးရန်ကျန်)ထံ Telegram မှတစ်ဆင့် ဆက်သွယ်ခဲ့ရာ ကိုလင်း (ဖမ်းဆီးရန်ကျန်)၏ ခိုင်းစေချက်အရ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်လမ်းဆုံသို့သွားရောက်ကာ မနွေ့ (ဖမ်းဆီးရန်ကျန်)ထံမှ လက်လုပ်ဗုံးပါအထုပ် တစ်ထုပ်အား ယူဆောင်ခဲ့ကြောင်း၊ အဆိုပါ လက်လုပ်ဗုံးအား မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(အနောက်) ရပ်ကွက် အထက်ပန်းဆိုးတန်းလမ်း တိုက်အမှတ်(၈၄) နှင့် (၈၆) တိုက်နှစ်နှစ်လုံးကြားတွင် ချထားခဲ့ပြီး ကိုလင်း (ဖမ်းဆီးရန်ကျန်) ထံ Telegram မှတစ်ဆင့် ဆက်သွယ်ပြီးနောက် ဗုံးမှာ ပေါက်ကွဲသွားခဲ့ကြောင်း၊ ထို့နောက် Kpay Account ဖြင့် ၎င်းထံသို့ ငွေကျပ် ၃၅၀၀၀၀ အား သုံးကြိမ်ခွဲ၍ လွှဲပို့ပေးခဲ့ကြောင်း စစ်ဆေးသိရသည်။



မင်္ဂလာတောင်ညွန့် မြို့မရဲစခန်း(ပ) ၉၄၃/၂၀၂၅၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၅၀(ဈ) အမှုမှ တရားခံ ကြည်ကြည်ရွှေ (၃၇)နှစ်၊ (ဘ)ဦးစိန်မြင့်နှင့်သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်နှင့် ပတ်သက်၍ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရာတွင် ပူးပေါင်းပါဝင်သူ ဖမ်းဆီးရန်ကျန်တရားခံများကို ဖမ်းဆီးရမိရေးနှင့် ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၀၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၂၅**
စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၀၆၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်



## ညောင်ရွှေမြို့နယ်၌ ရုရှားနေကြာ စံပြစမ်းသပ်စိုက်ပျိုးမှု ကွင်းဆင်းကြည့်ရှု

**ညောင်ရွှေ ဒီဇင်ဘာ ၂၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာ၌ ပင်မြင့်စံငွေစုငွေချေး သမဝါယမအသင်းမှ မြေငါးဧကတွင် ရုရှားနေကြာ (Makhaon) စံပြစမ်းသပ်စိုက်ပျိုးထားရှိသည်။

အဆိုပါ ဆောင်းနေကြာ ရုရှားမျိုး (Makhaon) စံပြစိုက်ပျိုးခင်းကို သမဝါယမအသင်းသား တောင်သူနှစ်ဦးက စိုက်ပျိုးထားရှိရာ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ယနေ့ကွင်းဆင်းကြည့်ရှုသည်။ ထို့နောက် ဗေဒါသဘာဝမြေဩဇာအိတ် ၂၀ နှင့် အာမိုကွန်ပေါင်းမြေဩဇာသုံးအိတ် ပံ့ပိုးပေးအပ်ခဲ့ပြီး သတ်မှတ်စံနှုန်းများအတိုင်း စနစ်တကျစိုက်ပျိုးကြရန်၊ မြေဩဇာ၊ ရွက်ဖျန်းအားဆေးနှင့် လိုအပ်သောသွင်းအားစုများ မပြတ်လပ်စေရေး မြို့နယ်သမဝါယမအသင်းစုနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ညောင်ရွှေမြို့နယ်အနေဖြင့် ဆီနေကြာစိုက်ဧက ၁၇၀၀ လျာထားစိုက်ပျိုးလျက်ရှိပြီး ရေဆင်း (၁) စပ်မျိုး၊ ဆူရာကီရမ်နှင့် ရုရှားနေကြာတို့အား စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



မော်လမြိုင်မြို့နယ်အနေဖြင့် ရွေးကောက်ပွဲတွင်ပြည်သူများ ပိုမိုပါဝင်မဲပေးနိုင်ရေး “ဒို့အတူတူမဲပေးကြမယ်” ရွေးကောက်ပွဲလှုံ့ဆော်မှုများကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက ဆောင်ရွက်ရာ မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ လှိုင်ရပ်ကွက်၊ ဈေးကြိုရပ်ကွက်၊ ဇေယျာသီရိရပ်ကွက်စသည့် လူစည်ကားရာနေရာများတွင် ဆောင်ရွက်စဉ်။

ခင်စန်းမြင့်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရွှေတောင်မြို့နယ်၌ နိုင်ငံသားကတ်မရှိသေးသူများနှင့် ပျောက်ဆုံး/ပျက်စီးများအတွက် နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေး

**ရွှေတောင် ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်ခန်းမ၌ ဒီဇင်ဘာ ၂၄ ရက်မှစ၍ မြို့နယ်မြေပြင်ကွင်းဆင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ထမ်းများက မြို့နယ်အတွင်း နိုင်ငံသားကတ်မရှိသေးသူများနှင့် ပျောက်ဆုံး/ပျက်စီးများအတွက် ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းအပြီး One Stop Service ဖြင့် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေတောင်မြို့နယ် ဦးစီးမှူး ဦးသန်းထူးက နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေးနှင့် မကြာမီကျင်းပတော့မည့် ၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများအားလုံး မဲပေးပိုင်ခွင့် အခွင့်အရေးပြည့်ဝစွာရရှိရေးအတွက် ရပ်ကွက်/ကျေးရွာများအရောက် ပန်းခင်းစီမံချက်(၃)ဖြင့် ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေး ကတ်များကို နေ့ချင်းအပြီး One Stop Service ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူများနှင့် ရွှေတောင်မြို့နယ် ရပ်ကွက်/ကျေးရွာ အသီးသီးမှ နိုင်ငံသားကတ် မရှိသေးသူများနှင့် ပျောက်ဆုံး / ပျက်စီးသူ ပြည်သူများထံ လက်ဝယ်အရောက် နိုင်ငံသားစိစစ်ရေး ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။



ကိုကိုမင်း (ပြန်/ဆက်)

# တနိုင်းမြို့၌ ကြိုတင်မဲပေးခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်

**တနိုင်း ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာရုံးများတွင် တတိယအကြိမ်မဲအတည်ပြုမဲစာရင်းများကြေညာထားပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည့်ရက်တွင် မဲရုံများ၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုမဲရုံမှူး၊ အရန်မဲရုံမှူးနှင့် ထိန်းချုပ်စက်ကိုင်တွယ်မည့်မဲရုံအဖွဲ့ဝင်များအား ယနေ့ နံနက်ပိုင်းမှစ၍ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာရုံးများတွင် ကြိုတင်မဲရုံများ ပြင်ဆင်ကာ ကြိုတင်မဲပေးခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။



တနိုင်းမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာ စုစုပေါင်း ၁၉ အုပ်စုရှိပြီး မဲရုံစုစုပေါင်း ၂၉ ရုံပြင်ဆင်ထားရှိကာ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် မဲပေးမည့်မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာမဲပေးနိုင်ရေးနှင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံများစီစဉ်ဆောင်ရွက်ထားရှိကြောင်း တနိုင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

နေလင်းထူး(ပြန်/ဆက်)

# မုံရွာမြို့၌ နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ခဲ့ခြင်းမရှိသူများနှင့် (ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်) တို့အား One Stop Service ဖြင့် အခမဲ့ဆောင်ရွက်ပေး

**မုံရွာ ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဝန်ထမ်းများက လာမည့် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မုံရွာမြို့နယ်အတွင်းရှိ ပြည်သူများ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် မြေပြင်ကွင်းဆင်း၍ လည်းကောင်း၊ မြို့နယ်ဦးစီးမှူးရုံးတွင်လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ခဲ့ခြင်းမရှိသူများနှင့် (ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်) တို့အား ဒီဇင်ဘာပထမအပတ်မှ စတင်၍ ဆောင်ရွက်ပေးခဲ့ရာ ဒီဇင်ဘာ ၂၆ ရက်အထိ အရှိန်အဟုန်မြှင့်ကာ One Stop Service ဖြင့် အခမဲ့ ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မုံရွာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မုံရွာမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) တွင် ပါရှိပြီး အသက် (၁၈)နှစ်ပြည့်၍ မှတ်ပုံတင် မပြုလုပ်ရသေးသည့်သူများ၊ (ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်) ခြင်းနှင့် Biometric (UID) ကောက်ယူပေးခြင်းတို့ကို One Stop Service ဖြင့် နေ့ချင်းပြီး အခမဲ့ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

# သထုံမြို့နယ်၌ ရွေးကောက်ပွဲပြည်သူများမဲပေးနိုင်ရေး လိုက်လံအသိပေးနှိုးဆော်

**သထုံ ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရေးကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်းကို မြို့နယ်အတွင်းရှိရွေးကောက်ပွဲကျင်းပမည့် ရပ်ကွက်၊ ကျေးရွာများ၌ ယမန်နေ့ မွန်းလွဲပိုင်းမှ စတင်ကာ ဆောင်ရွက်ခဲ့ကြသည်။



အသိပေးနှိုးဆော်ရာတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဖြည့်စွက်စိစစ်ပြီး မဲစာရင်းများကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများတွင် လည်းကောင်း၊ ဒီဇင်ဘာ ၂၆ ရက်မှစ၍ ရွေးကောက်ပွဲ ကျင်းပမည့် ဒီဇင်ဘာ ၂၈ ရက် မဲပေးခြင်းပြီးစီးသည့်အချိန်အထိ သက်ဆိုင်ရာမဲရုံများတွင် လည်းကောင်း ကပ်ထားကြေညာမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# သက်ကြီးဝါရင့်အားကစားကလောင်ရှင်များအား ကန်တော့ငွေများ ပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်တို့၏ သက်ကြီးဝါရင့်အားကစားကလောင်ရှင်များအား ၂၀၂၅ ခုနှစ်အတွက် ကန်တော့ငွေများကို ဒီဇင်ဘာ ၂၅ ရက်က ကျောက်တံတားမြို့နယ် အနော်ရထာလမ်း(ဘားလမ်း)ရှိ အားကစားဆောင်းပါးရှင် ထွန်းထွန်း(ဝိဇ္ဇာ/သိပ္ပံ)ရုံးခန်း၌ ပေးအပ်သည်။

အဆိုပါရုံးခန်း၌ကန်တော့ငွေများပေးအပ်ရာ ရန်ကုန်မြို့ရှိ သက်ကြီးဝါရင့်အားကစားကလောင်ရှင်ကိုးဦးအား လည်းကောင်း၊ မန္တလေးမြို့ရှိ သုံးဦးအား kpay ဖြင့် လည်းကောင်း၊ ရန်ကုန်မြို့ရှိ ကျန်းမာရေးမကောင်းသူ လေးဦးအား အိမ်သို့သွားရောက်၍ လည်းကောင်း၊ ယခုနှစ်အတွက် ကလောင်ရှင်ကြီး ၁၆ ဦးကို တစ်ဦးလျှင် ငွေကျပ်သုံးသိန်းစီ ကန်တော့ခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

# မော်လမြိုင်မြို့နယ်၌ မဲစာရင်းအမှတ်စဉ်များ အိမ်တိုင်ရာရောက်ပေးအပ်

**မော်လမြိုင် ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပြည်သူများအားလုံး လွယ်ကူအဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲစာရင်းအမှတ်စဉ် Voters Slip များ အိမ်တိုင်ရာရောက်လိုက်လံပေးအပ်ခြင်း၊ ဒို့အတူတူမဲပေးကြမယ် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများကို ဒီဇင်ဘာ ၂၄ ရက်က ရပ်ကွက်/ ကျေးရွာများ၌ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါမဲစာရင်းအမှတ်စဉ်များ အိမ်တိုင်ရာရောက် လိုက်လံပေးအပ်ခြင်း၊ ဒို့အတူတူမဲပေးကြမယ် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများကို မော်လမြိုင်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်နှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အဖွဲ့ဝင်များက ပြည်သူများအားလုံး လွယ်ကူအဆင်ပြေချောမွေ့စွာဆန္ဒမဲပေးနိုင်ရေးအတွက် မဲစာရင်းအမှတ်စဉ်များ လိုက်လံပေးအပ်ခြင်း၊ ဒို့အတူတူမဲပေးကြမယ် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများကို အိမ်တိုင်ရာရောက် လိုက်လံဖြန့်ဝေနှိုးဆော်လျက်ရှိကြောင်း သိရသည်။

ခင်စန်းမြင့် (ပြန်/ဆက်)



# တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်နှင့် ရေယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်တွင် ဘားအံမြို့နယ် ကော့ရေးကျေးရွာအနီး၌ မော်တော်ယာဉ်ခြောက်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၇၈ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး၊ လျှပ်စစ်ပစ္စည်း ခြောက်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၇၉၄၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၁ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် လေးစီးပေါ်မှ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၃၄၇ ဂါလန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက် နှင့် ၂၀ ရက်တို့တွင် အုတ်တွင်းမြို့နယ်နှင့် တောင်ငူမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ ထော်လာဂျီတစ်စီးနှင့် လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သာယာဝတီမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၅၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၅၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၈၃၅၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်တွင် ဂန့်ဂေါမြို့နယ်နှင့် အောင်လံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် ပွင့်ဖြူမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မကွေးမြို့နယ် ကျစ်စုံပွေးကျေးရွာ၌ တရားမဝင် မီးသွေးပေါင် ၃၀ ဝင် ၈၁ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၀၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၇၄၃၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် ဘီးလင်းမြို့နယ် သကြားစက်လမ်းဆုံ၌ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် ဘီးလင်းမြို့နယ် ရွှေသံလွင်တိုးဂိတ်ဟောင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀) ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၆ ရက်တို့တွင် ဇဟန်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် တွံတေးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ခြောက်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၁၂ ရက်၊ ၁၆ ရက်၊ ၁၇ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၉၀၅၀၀ ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့အတွင်း၌ တရားမဝင်အခြားသစ် ၄ ဒသမ ၈၉၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၁၁၆၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ် ရွှေညောင်ပင်ရပ်ကွက် အမှတ်(၄၆၂)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၂ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀)နှင့် လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် မုံအိုး ၁၉ လုံးနှင့် ဆက်စပ်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရ လည်းကောင်း၊ ရွှေဘိုမြို့နယ် အမှတ်(၁၄)ရပ်ကွက် အနော်ရထာလမ်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၇၀၀၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် မြိတ်မြို့နယ် ၄က်သိုက်တောင်ကျွန်းအနီး၌ ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၂၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၄၈၇၂၈၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် ရေယာဉ် တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၄၈၇၂၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၁ ရက်တွင် ကျိုက်မရောမြို့နယ် စံပယ်ဂူတံတားအနီး၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီဂါလန် ၂၄၀ နှင့် ဓာတ်ဆီဂါလန် ၂၄၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၉ ရက်နှင့် ၁၅ ရက်တို့တွင် တိုက်ကြီးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ၄ ဒသမ ၁၈၂ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၇၂၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၇ ရက်တွင် ဖျာပုံမြို့နယ် (၁၆) ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည် တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၄၇၃၀၀၀၀)ကို လည်းကောင်း၊ ဒီဇင်ဘာ ၂၃ ရက်တွင် ညောင်ခါးရှည်အမြဲတမ်း စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၉၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲ ဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၉ ရက်၊ ၁၁ ရက်၊ ၁၅ ရက်၊ ၁၇ ရက်၊ ၁၈ ရက်၊ ၁၉ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၁၄၀၁၆၉၆) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**



## ပင်လောင်းမြို့နယ်နှင့် လွိုင်လင်မြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်နှင့် လွိုင်လင်မြို့နယ်တို့၌ ဒီဇင်ဘာ ၂၄ ရက်က ဘိန်းစိုက်ခင်း စုစုပေါင်း ၁၃၃ ဧကခန့် ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၄ ရက် နံနက် ၇ နာရီ ၁၀ မိနစ်မှ မွန်းလွဲ ၁ နာရီ ၂၀ မိနစ်အထိ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ် ကုန်လုံ (၂)ကျေးရွာ၏အနောက်ဘက် နှစ်ဖာလုံခန့်အကွာရှိ ဘိန်းစိုက်ခင်း ၃၅ ဧကခန့်နှင့် ဝါးလီးကျေးရွာ၏ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာရှိ ဘိန်းစိုက်ခင်း ၃၈ ဧကခန့်တို့အား လည်းကောင်း။

အလားတူ နံနက် ၁၀ နာရီခွဲမှ မွန်းတည့် ၁၂ နာရီထိ လွိုင်လင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ် နောင်ချိုကျေးရွာ၏ အရှေ့မြောက်ဘက် ငါးဖာလုံခန့်အကွာရှိ ဘိန်းစိုက်ခင်း ဧက ၄၀ ခန့်နှင့် ခြောက်ဖာလုံခန့်အကွာရှိ ဘိန်းစိုက်ခင်း ဧက ၂၀ ခန့်တို့အား လည်းကောင်း ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ မျက်ပါးရွှေသင်္ကန်းကပ်လှူ



**တောင်ငူ ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရွှေဟောင်း သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ခုနစ်ရက်သားသမီးများ၏ လှူဒါန်းမှုဖြင့် ယနေ့နံနက်ပိုင်းက လုံးတော်ပြည့်မျက်ပါးရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့သည်။

ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ထီးတော်၊ ခေါင်းလောင်းတော်ကြီးနှင့် လုံးတော်ပြည့် မျက်ပါးရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကို ဒီဇင်ဘာ ၁၉ ရက်မှစတင်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ပါဝင်လှူဒါန်းလိုသည့် စေတနာရှင်အလှူရှင်များသည် နှစ်လက်မပတ်လည်အရွက် ၁၀၀ ပါ ရွှေဆိုင်းတစ်ဆိုင်းလျှင် ငွေကျပ် ၃၄၀၀၀၀၀၊ ရွှေဆိုင်းတစ်ဝက်လျှင် ငွေကျပ် ၁၇၀၀၀၀၀ တို့ဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရွှေတောင်မြို့နယ်၌ မြစိမ်းရောင်(အသားကဏ္ဍ) မွေးမြူရေး ရန်ပုံငွေပေးအပ်

**ရွှေတောင် ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မီးလောင်အုပ်စု ဝါးလည်ကျေးရွာတွင် ဒီဇင်ဘာ ၂၄ ရက်က မြစိမ်းရောင်(အသားကဏ္ဍ) နွားမွေးမြူရေးစီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေပေးအပ်ပွဲကျင်းပခဲ့သည်။

ဦးစွာ ပြည်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြခဲက မြစိမ်းရောင် (အသားကဏ္ဍ)နှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအေးချမ်းဝင်းက မြစိမ်းရောင်(အသားကဏ္ဍ) နွားမွေးမြူရေးစီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လင်းရှင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က မြစိမ်းရောင်(အသားကဏ္ဍ) နွားမွေးမြူရေး စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မီးလောင်ကျေးရွာအုပ်စု ဝါးလည်ကျေးရွာအတွင်းရှိ မွေးမြူသူဦးရေ ၅၄ ဦး၏ နွားကောင်ရေ ၁၀၈ ကောင်အား တစ်ကောင်လျှင် ငွေကျပ် ၆၀၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ရန်ပုံငွေကျပ် ၆၄၈ သိန်းကို မီးလောင်အုပ်စု ဝါးလည်ကျေးရွာမြစိမ်းရောင် (အသားကဏ္ဍ) နွားမွေးမြူရေးစီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။**(အပေါ်ပုံ)** မြို့နယ်(ပြန်/ဆက်)



## ရေစကြိုမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

**ရေစကြို ဒီဇင်ဘာ ၂၅**

ရေစကြိုမြို့နယ်တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၅ ရက်က ရေစကြိုမြို့ အထက(၁)



ကျောင်းဝင်း၌ ကျင်းပသည်။

အဆိုပါ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အဖွဲ့ဝင်များက ကြီးကြပ်ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဘောလုံးအားကစားပြိုင်ပွဲ၊ ထုပ်ဆီးတိုးကစားပြိုင်ပွဲ၊ ဘဲဖမ်းကစားနည်းပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ကစားနည်းပြိုင်ပွဲ၊ သံပုံးရိုက်၊ အိတ်စွပ်၊ မုန့်စား၊ ထိုင်ခုံလုကစားနည်းပြိုင်ပွဲများကို ဒီဇင်ဘာ ၂၅ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ဆုရရှိသူများကို ဇန်နဝါရီ ၄ ရက်တွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝေဇင်မို့(ရေစကြို)

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန



## ပေါက်ခေါင်းမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပေါက်ခေါင်း ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ စတင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အားကစားအသင်းများက အားကစားသစ္စာအဓိဋ္ဌာန်ကို သံပြိုင်သီဆိုခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးက အမှာစကားပြောကြားသည်။

အဆိုပါ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများတွင် ဖူဆယ်၊ ပိုက်ကျော်ခြင်းနှင့် ဘော်လီဘောအားကစားပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၅ ရက်တွင် အမှတ်(၄)၊ ကျွဲပေါင်ပင်၊ ချောင်းစောက်၊ မီးသတ်၊ ဝက်တိုး၊ ရွာထောင်၊ အုတ်ပုံနှင့် အမှတ်(၅)အသင်းတို့ဖြင့် ဖူဆယ်အားကစားပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ဖုန်းကျော်ဇင်(ပြန်/ဆက်)



ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကာလအတွင်း မီးလောင်မှု မီးလန့်မှုများ မဖြစ်ပေါ်စေရေး၊ မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေးခြင်းကို ဒီဇင်ဘာ ၂၅ ရက်က ခန္တီးမြို့ မြို့မရပ်ကွက်၌ မြို့နယ်ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်မျိုးဝင်းဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးစဉ်။

ကမ်းကီး(ပြန်/ဆက်)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရေနံချောင်းတက္ကသိုလ် (အဝေးသင် သင်တန်း)
## စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပမည့် အစီအစဉ်

ရေနံချောင်းတက္ကသိုလ် (အဝေးသင် သင်တန်း)မှ ၂၀၂၅ ပညာသင်နှစ်တွင် ပြီးစီးခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)စာမေးပွဲကို အောင်မြင်သူများအတွက် ရေနံချောင်းတက္ကသိုလ်(အဝေးသင် သင်တန်း)၏ စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ရေနံချောင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

**ဘွဲ့နှင်းသဘင် ပထမနေ့ (ပထမပိုင်း)**
**(၁၈-၁-၂၀၂၆) ရက်၊ တနင်္ဂနွေနေ့၊ နံနက် (၇:၃၀-၉:၃၀)နာရီ**
ဝိဇ္ဇာ(ဘွဲ့) - ပထဝီဝင် (စ-ပ-၁ (ync) မှ စ-ပ-၁၄၇ (ync) အထိ)
သိပ္ပံ(ဘွဲ့) - ဓာတုဗေဒ (စ-ဓ-၁ (ync) မှ စ-ဓ-၃၂ (ync) အထိ)
**ပထမပိုင်းအစမ်းလေ့ကျင့်ရက် (၁၇-၁-၂၀၂၆) ရက်၊ စနေနေ့၊ နံနက် (၇:၃၀-၉:၃၀) နာရီ**

**ဘွဲ့နှင်းသဘင် ပထမနေ့ (ဒုတိယပိုင်း)**
**(၁၈-၁-၂၀၂၆) ရက်၊ တနင်္ဂနွေနေ့၊ နံနက် (၁၀:၃၀-၁၂:၃၀)နာရီ**
ဝိဇ္ဇာ(ဘွဲ့) - ပထဝီဝင် (စ-ပ-၁၄၈ (ync) မှ စ-ပ-၂၉၉ (ync) အထိ)
သိပ္ပံ(ဘွဲ့) - ရူပဗေဒ (စ-ရပ-၁ (ync) မှ စ-ရပ-၃၁ (ync) အထိ)
**ဒုတိယပိုင်းအစမ်းလေ့ကျင့်ရက် (၁၇-၁-၂၀၂၆) ရက်၊ စနေနေ့၊ နံနက် (၇:၃၀-၉:၃၀) နာရီ**

**ဘွဲ့နှင်းသဘင် ဒုတိယနေ့ (တတိယပိုင်း)**
**(၁၉-၁-၂၀၂၆) ရက်၊ တနင်္လာနေ့၊ နံနက် (၇:၃၀-၉:၃၀)နာရီ**
ဝိဇ္ဇာ(ဘွဲ့) - ပထဝီဝင် (စ-ပ-၃၀၀ (ync) မှ စ-ပ-၄၃၆ (ync) အထိ)
သိပ္ပံ(ဘွဲ့) - သင်္ချာ (စ-သခ-၁ (ync) မှ စ-သခ-၄၃ (ync) အထိ)
**တတိယပိုင်းအစမ်းလေ့ကျင့်ရက် (၁၈-၁-၂၀၂၆) ရက်၊ တနင်္ဂနွေနေ့၊ မွန်းလွဲ (၂:၀၀-၄:၀၀) နာရီ**

**ဘွဲ့နှင်းသဘင် ဒုတိယနေ့ (စတုတ္ထပိုင်း)**
**(၁၉-၁-၂၀၂၆) ရက်၊ တနင်္လာနေ့၊ နံနက် (၁၀:၃၀-၁၂:၃၀)နာရီ**
ဝိဇ္ဇာ(ဘွဲ့) - ပထဝီဝင် (စ-ပ-၄၃၈ (ync) မှ စ-ပ-၆၂၃ (ync) အထိ)
**စတုတ္ထပိုင်းအစမ်းလေ့ကျင့်ရက် (၁၈-၁-၂၀၂၆) ရက်၊ တနင်္ဂနွေနေ့၊ မွန်းလွဲ (၂:၀၀-၄:၀၀) နာရီ**

**ဘွဲ့နှင်းသဘင် တတိယနေ့ (ပဉ္စမပိုင်း)**
**(၂၀-၁-၂၀၂၆) ရက်၊ အင်္ဂါနေ့၊ နံနက် (၇:၃၀-၉:၃၀)နာရီ**
ဝိဇ္ဇာ(ဘွဲ့) - မြန်မာစာ (စ-မ-၁ (ync) မှ စ-မ-၁၆၇ (ync) အထိ)
သိပ္ပံ(ဘွဲ့) - သတ္တဗေဒ (စ-သတ-၁ (ync) မှ စ-သတ-၈ (ync) အထိ)
- ရုက္ခဗေဒ (စ-ရခ-၁ (ync))
**ပဉ္စမပိုင်းအစမ်းလေ့ကျင့်ရက် (၁၉-၁-၂၀၂၆) ရက်၊ တနင်္လာနေ့၊ မွန်းလွဲ (၂:၀၀- ၄:၀၀) နာရီ**

**ဘွဲ့နှင်းသဘင် တတိယနေ့ (ဆဋ္ဌမပိုင်း)**
**(၂၀-၁-၂၀၂၆) ရက်၊ အင်္ဂါနေ့၊ နံနက် (၁၀:၃၀-၁၂:၃၀) နာရီ**
ဝိဇ္ဇာ(ဘွဲ့) - မြန်မာစာ (စ-မ-၁၆၈ (ync) မှ စ-မ-၃၁၄ (ync) အထိ)
- ဒဿနိကဗေဒ (စ-ဒ-၁ (ync) မှ စ-ဒ-၃၄ (ync) အထိ)
**ဆဋ္ဌမပိုင်းအစမ်းလေ့ကျင့်ရက် (၁၉-၁-၂၀၂၆) ရက်၊ တနင်္လာနေ့၊ မွန်းလွဲ (၂:၀၀- ၄:၀၀) နာရီ**

**ဘွဲ့နှင်းသဘင် စတုတ္ထနေ့ (သတ္တမပိုင်း)**
**(၂၁-၁-၂၀၂၆) ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၇:၃၀-၉:၃၀) နာရီ**
ဝိဇ္ဇာ(ဘွဲ့) - မြန်မာစာ (စ-မ-၃၁၅ (ync) မှ စ-မ-၄၃၁ (ync) အထိ)
- အင်္ဂလိပ်စာ (စ-အ-၁ (ync) မှ စ-အ-၇၄(ync) အထိ)
**သတ္တမပိုင်းအစမ်းလေ့ကျင့်ရက် (၂၀-၁-၂၀၂၆) ရက်၊ အင်္ဂါနေ့၊ မွန်းလွဲ (၂:၀၀- ၄:၀၀) နာရီ**

**ဘွဲ့နှင်းသဘင် စတုတ္ထနေ့ (အဋ္ဌမပိုင်း)**
**(၂၁-၁-၂၀၂၆) ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၁၀:၃၀-၁၂:၃၀) နာရီ**
ဝိဇ္ဇာ(ဘွဲ့) - မြန်မာစာ (စ-မ-၄၃၂ (ync) မှ စ-မ-၄၉၃ (ync) အထိ)
- အင်္ဂလိပ်စာ (စ-အ-၇၅ (ync) မှ စ-အ-၁၅၅ (ync) အထိ)
- သမိုင်း (စ-သ-၁ (ync) မှ စ-သ-၄၁ (ync) အထိ)
**အဋ္ဌမပိုင်းအစမ်းလေ့ကျင့်ရက် (၂၀-၁-၂၀၂၆) ရက်၊ အင်္ဂါနေ့၊ မွန်းလွဲ (၂:၀၀- ၄:၀၀) နာရီ**

**ဘွဲ့နှင်းသဘင် ပဉ္စမနေ့ (နဝမပိုင်း)**
**(၂၂-၁-၂၀၂၆) ရက်၊ ကြာသပတေးနေ့၊ နံနက် (၇:၃၀-၉:၃၀) နာရီ**
ဝိဇ္ဇာ(ဘွဲ့)- သမိုင်း (စ-သ-၄၂ (ync) မှ စ-သ-၂၂၂ (ync) အထိ)
**နဝမပိုင်းအစမ်းလေ့ကျင့်ရက် (၂၁-၁-၂၀၂၆)ရက်၊ ဗုဒ္ဓဟူးနေ့၊ မွန်းလွဲ (၂:၀၀- ၄:၀၀) နာရီ**

**ဘွဲ့နှင်းသဘင် ပဉ္စမနေ့ (ဒသမပိုင်း)**
**(၂၂-၁-၂၀၂၆) ရက်၊ ကြာသပတေးနေ့၊ နံနက် (၁၀:၃၀-၁၂:၃၀) နာရီ**
ဝိဇ္ဇာ(ဘွဲ့)- သမိုင်း (စ-သ-၂၂၃ (ync) မှ စ-သ-၃၉၈ (ync) အထိ)
**ဒသမပိုင်းအစမ်းလေ့ကျင့်ရက် (၂၁-၁-၂၀၂၆) ရက်၊ ဗုဒ္ဓဟူးနေ့၊ မွန်းလွဲ (၂:၀၀- ၄:၀၀) နာရီ**

**ဘွဲ့နှင်းသဘင် ဆဋ္ဌမနေ့ (ကောဒသမပိုင်း)**
**(၂၃-၁-၂၀၂၆) ရက်၊ သောကြာနေ့၊ နံနက် (၇:၃၀-၉:၃၀) နာရီ**
ဝိဇ္ဇာ(ဘွဲ့)- သမိုင်း (စ-သ-၃၉၉ (ync) မှ စ-သ-၅၇၄ (ync) အထိ)
**ကောဒသမပိုင်းအစမ်းလေ့ကျင့်ရက် (၂၂-၁-၂၀၂၆) ရက်၊ ကြာသပတေးနေ့၊ မွန်းလွဲ (၂:၀၀- ၄:၀၀) နာရီ**

**ဘွဲ့နှင်းသဘင် ဆဋ္ဌမနေ့ (ဒွါဒသမပိုင်း)**
**(၂၃-၁-၂၀၂၆) ရက်၊ သောကြာနေ့၊ နံနက် (၁၀:၃၀-၁၂:၃၀) နာရီ**
ဝိဇ္ဇာ(ဘွဲ့)- သမိုင်း (စ-သ-၅၇၆ (ync) မှ စ-သ-၇၅၆ (ync) အထိ)
**ဒွါဒသမပိုင်းအစမ်းလေ့ကျင့်ရက် (၂၂-၁-၂၀၂၆)ရက်၊ ကြာသပတေးနေ့၊ မွန်းလွဲ (၂:၀၀- ၄:၀၀) နာရီ**

**ဘွဲ့နှင်းသဘင် သတ္တမနေ့ (တေရသမပိုင်း)**
**(၂၄-၁-၂၀၂၆) ရက်၊ စနေနေ့၊ နံနက် (၇:၃၀-၉:၃၀) နာရီ**
ဝိဇ္ဇာ(ဘွဲ့)- သမိုင်း (စ-သ-၇၅၇ (ync) မှ စ-သ-၉၅၀ (ync) အထိ)
**တေရသမပိုင်းအစမ်းလေ့ကျင့်ရက် (၂၃-၁-၂၀၂၆) ရက်၊ သောကြာနေ့၊ မွန်းလွဲ (၂:၀၀- ၄:၀၀) နာရီ**

၁။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများသည် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာ၊ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့်ပြုသည့် လက်မှတ်များကို (၁၆ - ၁ -၂၀၂၆) ရက်မှစ၍ ရေနံချောင်းတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ကိုယ်တိုင်ထုတ်ယူရမည်ဖြစ်သည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူကြမည့် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသားများသည် အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်မည်ဆိုပါက ဝတ်စုံပြည့်ဝတ်ဆင်ရမည်)တို့အနက် နှစ်သက်ရာ ဝတ်စုံကို ဝတ်ဆင်နိုင်ပါသည်။ အမျိုးသားများကို နားကွင်း၊ နားကပ်၊ ဝတ်ခွင့်မပြု၊ အမျိုးသမီးများကို သုံးလွှာလုံချည်ဝတ်ခွင့်မပြု။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် ပျက်ကွက်သူများနှင့် အဝေးရောက်ဘွဲ့ လျှောက်ထားသူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့နှင်းသဘင်ကျင်းပပြီး (၆) လအတွင်း ထုတ်ပေးမည်ဖြစ်ပါသည်။

**ရေနံချောင်းတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရေနံချောင်းတက္ကသိုလ်
## စတုတ္ထအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း
## (နေ့သင်တန်း/အဝေးသင် သင်တန်း)

